# မန္တလေး နေ့စဉ်

**The Mandalay Daily**

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၈) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၄ ရက် ၊ ၁၇-၃-၂၀၂၅၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၆

၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။



### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ နှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူး ဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက် ကြသည်။

စာမျက်နှာ ၃ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူ့ဘွဲ့ရရှိသူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ တိုးလှအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၆

| | |
|---|---|
| ချောက် | ၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၁ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။ မိုး/ဧလ

၂၀၂၅ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္လာနေ့။

## နဝင်းချောင်းတံတား အဆင့်မြှင့်တင် ဖွင့်လှစ်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား ပေ ၁၉၀ အား နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ခြင်းကို မတ် ၁၅ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

နဝင်းချောင်းတံတားသည် မူလက နှစ်လမ်းသွားတံတားသာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆)မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါတံတား၏ ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ယာယီဘေလီတံတားထိုး၍ ဆောင်ရွက်ခဲ့သည်။

ယခုအခါ အခိုင်အမာတံတားအဖြစ် အသွား၊ အပြန် လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းနှင့် တစ်ဆက်တည်း တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထပ်မံရေတိုက်စားမှုမရှိစေရေးအတွက် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေတိုက်စားမှုမှကာကွယ်နိုင်ရန် Gabion Box ကမ်းထိန်းနံရံများ ပြုလုပ်ခြင်း၊ ရေလမ်းကြောင်းဖော်ခြင်းနှင့် မြစ်ကမ်းနံရံများကို ကျောက်ကြီးစီမြေထိန်းနံရံပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

နဝင်းချောင်းတံတားနှင့် ကင်းသာလမ်းဆုံကြား ဆက်စပ်သည့် လမ်းအပိုင်းကိုလည်း ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လမ်းပခုံးများတိုးချဲ့ခြင်း၊ မြေထိန်းနံရံအနိမ့် (Toll Wall)များပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များလည်း သတ်မှတ်လိုအပ်ချက်များနှင့်အညီ တည်ဆောက်ထားပြီးဖြစ်သည်။

ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးသည် အာဆီယံဟိုင်းဝေးလမ်းမကြီးတွင် ပါဝင်သောကြောင့် ယာဉ်သွားလာမှုများပြားသည့်အတွက် နဝင်းချောင်းတံတားအား လက်ရှိနှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး၏ လမ်းအကျယ်ကိုလည်း လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်အထိ တိုးမြှင့်နိုင်ရန်အတွက် အကြိုလုပ်ငန်းများအနေဖြင့် လမ်းတာပေါင် အကျယ်ပေ ၉၀ ရရှိအောင် တိုးချဲ့ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ၊ ယာတွင် သစ်ပင်များ စနစ်တကျစိုက်ပျိုးခြင်းတို့ကို စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများနှင့်ပူးပေါင်း၍ လမ်း၊ တံတားများကို အင်္ဂါရပ်နှင့်ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထောက်ပံ့



**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ နွေစပါးစိုက် အသင်းသားတောင်သူများအား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက အင်ဒိုင်းကျေးရွာ ကွင်းအမှတ်(၁၄၉)တွင် အင်ဒိုင်းစိုက်ပျိုးထုတ်လုပ်ရေး၊ ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း၊ ငှက်တောင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

သွင်းအားစုပံ့ပိုးပစ္စည်းပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ပံ့ပိုးပစ္စည်းချေးငွေရရှိရေး၊ တောင်သူများ၏ စိတ်ကြိုက်သွင်းအားစုပစ္စည်းများ အချိန်မီရရှိရေး ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နွေစပါးသီးနှံများအထွက်နှုန်းကောင်းမွန်ရေး စမ်းဝတီကုမ္ပဏီမှ ထုတ်လုပ်သော ဈေးနှုန်းသင့် အရည်အသွေးပြည့်ဝသည့် စမ်းဝတီမြေသြဇာများအကြောင်း ရှင်းလင်းမိတ်ဆက်ခဲ့သည်။

ထို့နောက် အင်ဒိုင်း၊ ရွှေလေး၊ ငှက်တောင်ကျေးရွာများမှ နွေစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူ ၈၁ ဦး၏ လက်ဝယ်သို့ နွေစပါးတစ်ဧကငွေကျပ် ၂ သိန်းနှင့်ညီမျှသော သွင်းအားစုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

## မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေး အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေး အခြေခံသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းရှိ အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ခေတ္တဌာနမှူး ဦးကျော်ကျော်ထွန်း၊ ဌာနခွဲမှူး ဦးကိုကိုကြီးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်နှင့်တာဝန်ရှိသူများ၊ ချမ်းမြသာစည်မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်တပ်ဖွဲ့မှူး ဦးမင်းမင်းစိုးနှင့် သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ခေတ္တဌာနမှူးက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်း၌ ကသ(၂) ဦးဝင်းဇော်ထွန်းက ပထမဆု၊ ကသ(၁) ဦးရန်လင်းက ဒုတိယဆုနှင့် ကသ(၃၆) ဦးရဲဝင်းအောင်က တတိယဆုတို့ ရရှိခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

မန္တလေးနေ့စဉ်သတင်းအဖွဲ့

## မုန်လာဥနီ ဝယ်လိုအားကောင်း ဈေးကောင်းရနေ



**မန္တလေး မတ် ၁၆**

မုန်လာဥနီသည် ကမ္ဘာ့တစ်ဝန်းတွင် စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးကြ၍ နောင်ချို၊ ကျောက်မဲ၊ တောင်ကြီး၊ အောင်ပန်းမြို့များတွင် အများဆုံးစိုက်ပျိုးကြကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ပြင်ဦးလွင်ဒေသ၌ စိုက်ပျိုးကြကြောင်း သိရသည်။ (အပေါ်ပုံ)

မုန်လာဥနီသည် အေးမြသော ရာသီဥတုကိုကြိုက်နှစ်သက်ပြီး နေရောင်ခြည်နှင့် ရေကိုလုံလောက်စွာရရှိ၍ စိုက်ပျိုးရန်မြေသြဇာကောင်းမွန်ပါက အပင်ဖြစ်ထွန်းကြီးထွား၍ အထွက်နှုန်းကောင်းကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသ၌ စိုက်ခင်းဈေးများ ဈေးကောင်းရရှိလာပြီး မန္တလေးလက်ကားဈေးကွက်တွင် ရောင်းချနေသောမုန်လာဥနီ ဈေးနှုန်းများအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ၂၅၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။

မုန်လာဥနီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သောကြောင့် လူမျိုးဘာသာမရွေး စားသုံးကြ၍ အရောင်းအဝယ်သွက်လျက်ရှိသည်။

မုန်လာဥနီသည် ဗီတာမင်အေ ကြွယ်ဝစွာပါဝင်ပြီး မျက်စိကျန်းမာရေးအတွက် အထူးကောင်းမွန်ပြီး ကိုယ်ခံအားစနစ်မြှင့်တင်ပေးသော ဗီတာမင်စီပါဝင်သောကြောင့် အရေပြားကျန်းမာရေးအတွက် အထောက်အကူပြုသည်။ ရာသီစာဖြစ်သောမုန်လာဥနီသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း အများဆုံးထွက်ရှိသော ကာလဖြစ်သောကြောင့် စားသုံးသူပြည်သူများအနေဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးကြကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်နေရာ၌ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံး၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီက စိတ်ဓာတ်၊ အသိအမြင်၊ ကာယဉာဏ စွမ်းအားများနှင့် ပူးပေါင်းပါဝင်မှု အင်အားဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် သာမန်အဆင့်ထက် သာလွန်သည့် လုံ့လ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်ပြီး ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များလည်းရှိနေသည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး မိမိတတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို လွတ်လပ်ရေးနေ့နှင့် နေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်း ဂုဏ်ပြုလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ဗိုလ်မှူးကြီး ကြည်မောင် အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဦးကြည်မော်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ စာရေးဆရာမကြီး ဒေါက်တာ ဒေါ်တင်ဝင်း (ဒေါက်တာ မတင်ဝင်း-ပညာရေးတက္ကသိုလ်) အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သမီး ဒေါ်နန့်ချစ်ကြည်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

○ စာမျက်နှာ ၃ မှ

ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် သံတမန်တာဝန်များကို ထူးချွန်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ပြီး အကျိုးပြုကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်အတွက် စံနမူနာပြပုဂ္ဂိုလ်များပင် ဖြစ်ကြကြောင်း၊ ထိုသို့ ထူးချွန်ပြောင်မြောက်ပြီး နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ် ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်းက ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းခြင်း ခံထိုက်သူများကိုသာမက ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ကောင်းရာ ကောင်းကျိုးကို စိတ်ကောင်းစေတနာ အပြည့်ဖြင့် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ စိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)နှင့် မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့)တို့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ ၁၃ ဦး၊ သူရဘွဲ့ သုံးဦး၊ ဇေယျကျော်ထင်ဘွဲ့ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်း ၅၀ ကိုသက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်(အငြိမ်းစား) ဦးအောင်သောင်းအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဗိုလ်ချုပ်ကြီးမိုးအောင်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး သက်ပိုင်မြင့်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်နှင်းဦးလှိုင်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းထိုက်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်မင်းလတ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မျိုးမင်းထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်မင်းကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့၊ သူရဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

> အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

○ စာမျက်နှာ ၄ မှ

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာပြောရမည်ဆိုပါက တိုင်းပြည် သာယာဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံး အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး စသည့်အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန် များစွာရှိနေကြောင်း။

အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည် ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ဂုဏ်ယူပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။ စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်ကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြဲတမ်းအတွင်းဝန် ဦးလှဋ္ဌေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**"မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြု ချီးမြှင့်ခြင်း ခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြား"**

○ စာမျက်နှာ ၅ မှ

မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့များ ဖြစ်ကြသည့် သူရဘွဲ့ရရှိသူ သုံးဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ တစ်ဦး၊ သီပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်(အငြိမ်းစား) ဦးတင်မြင့်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်သန်းနုက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်(အငြိမ်းစား) ဦးမောင်လှအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဗိုလ်ချုပ်လှဝင်း (အငြိမ်းစား) က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ အဆိုပညာရှင် ဗိုလ်မှူး ခင်မောင်လှ (အငြိမ်းစား) (ရဲဘော် ခင်မောင်လှ) အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဦးနိုင်နိုင်ထွန်းက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Sook Shma Darshini ထူးဆန်းသော အိမ်နီးချင်းဇာတ်ကား သည်းထိတ်ရင်ဖို တင်ဆက်ထား



အိန္ဒိယတောင်ပိုင်းရုပ်ရှင် Sook Shma Darshini မှာ ထူးဆန်းသော အိမ်နီးချင်းအကြောင်း ဖြစ်ပြီး သည်းထိတ်ရင်ဖိုရိုက်ကူး တင်ဆက်ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဇာတ်အိမ်တစ်ခုချင်းစီကို တစ်ထပ်ချင်းစီ ဖြေပြသွားပြီး သည်းထိတ်ရင်ဖိုရိုက်ကူးတင်ဆက်ထားသည်။

အသေးစိတ်စူးစမ်းတတ်သည့် ဉာဏ်ရှိသည့် အမျိုးသမီးတစ်ဦး၏ မိသားစုနေထိုင်ရာ ရပ်ကွက်သို့ ပြောင်းရွှေ့လာသော လူတစ်ဦးမှာ ရပ်ကွက်နှင့် မစိမ်းဘဲ ငယ်စဉ်က နေထိုင်ဖူးသူဖြစ်ပြီး မိခင်အယ်လ်ဖိုင်းမား အမေအိုကြီးနှင့်အတူ အိမ်နီးချင်းဖြစ်လာခဲ့သည်။

အများအမြင်တွင် လူရိုးလူအေးလေးအဖြစ် မြင်တွေ့ရသော သူမှာ ထူးဆန်းသော အိမ်နီးချင်းဖြစ်နေသည်ကို အရာရာစူးစမ်းတတ်သည့် အမျိုးသမီးက တစ်စချင်းဆွဲထုတ်ဖော်ပြရာမှ သည်းထိတ်ရင်ဖိုဇာတ်ကားအဖြစ် မြင်တွေ့ကြရသည်။

(SKY)

## Song Il Kook ၏ အမြွှာသား Song Mansech က Kumdo ပြိုင်ပွဲဝင်ခဲ့




အနုပညာရှင် ဆောင်အီဂွတ်၏ အမြွှာသား သုံးဦးအနက် ဆောင်မန်ဆယ်က Kumdo ပြိုင်ပွဲဝင်ခဲ့ရာ မိဘနှစ်ဦးကိုယ်စား အမြွှာအစ်ကိုနှစ်ဦးက လိုက်ပါစောင့်ရှောက်အားပေးခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပြိုင်ပွဲသို့ အမြွှာသုံးဦးအနက်မှ ဆောင်မန်ဆယ်က ပြိုင်ပွဲဝင်ခဲ့ရာ ဆုရရှိခဲ့ပြီး မိဘများအလုပ်မအားလပ်၍ အမြွှာအစ်ကိုနှစ်ဦးက ညီလေးကို စောင့်ရှောက်အားပေးခဲ့ကြသည်။

ညီလေး ဆောင်မန်ဆယ်အတွက် အချိုရည်ပြေးဝယ်ပေး၊ ဘေးမှ အားပေးမှုများ ပြုလုပ်ပေးခဲ့ကြသဖြင့် အကောင်းဆုံးအစ်ကိုနှစ်ဦးဖြစ်ခဲ့ပြီး ညီလေး ဆောင်မန်ဆယ်ကလည်း ဆုရသည်အထိ ဂုဏ်ဆောင်ပေးခဲ့သည်။

(SKY)



## Gong Yoo က အမျိုးသမီးများ သူ့ကိုစိတ်မဝင်စားဟု ထင်ထားသူ ဖြစ်

မှင်စာချစ်သူမင်းသားဂေါင်ယို သည် ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသူ လူပျိုကြီးတစ်ဦးဖြစ်ပြီး အမျိုးသမီးများက သူ့ကို စိတ်မဝင်စားဟု ထင်ထားသူဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါင်ယိုသည် ကျရာဇာတ်ရုပ်ကို ဖန်တီးနိုင်သူဖြစ်သော်လည်း လက်တွေ့ဘဝတွင် ရှက်တတ်ကာ ခံစားချက်ကို ထုတ်ပြတတ်သူမဟုတ်ဘဲ အချစ်နှင့်ပတ်သက်လျှင်လည်း ရဲရဲရင့်ရင့်တိုးရဲသည့် သတ္တိရှိသူမဟုတ်၍ ထိုပုံစံကို အမျိုးသမီးများ ကြိုက်လောက်မည်မဟုတ်ဟု သူက အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်။

လက်ရှိ မှင်စာချစ်သူမှ သေမင်းလီဒေါင်ဝုဒ်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိကာ သူတို့နှစ်ဦးကို ပရိသတ်များက ဘီအယ်လ်စုံတွဲအဖြစ် စနောက်နေကြသည်ကို ဂေါင်ယိုက သဘောကျနေခဲ့သည်။

(SKY)



## အက်စပရင်ဆေးသည် တီဆဲလ်များကို ထိန်းချုပ်ကာ ကင်ဆာပျံ့နှံ့မှုကို ကာကွယ်နိုင်

အက်စပရင်ဆေးသည် တီဆဲလ်များကို ထိန်းချုပ်ကာ ကင်ဆာပျံ့နှံ့မှုကို ကာကွယ်နိုင်သည်ဟု မကြာသေးမီက အမေရိကန်ဆေးသိပ္ပံသုတေသီများတွေ့ရှိခဲ့ကြောင်း နေးချားဂျာနယ်တွင် ဖော်ပြသည်။

ဆေးပညာသုတေသနကောင်စီမှ အဓိကထုတ်ပေးသော ရန်ပုံငွေဖြင့် ပြုလုပ်ထားသည့် လေ့လာမှုအသစ်တစ်ခုအရ ထိုသိပ္ပံပညာရှင်များသည် အက်စပရင်က ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးခြင်းဖြင့် ကင်ဆာအချို့ ပျံ့နှံ့မှုလျှော့ချနိုင်ပုံကို ဖော်ထုတ်နိုင်ခဲ့သည်။

ထိုယန္တရားကို နားလည်ခြင်းသည် လက်ရှိလုပ်ဆောင်နေသော ကင်ဆာကုသမှုစမ်းသပ်ချက်များကို ပိုမိုကောင်းမွန်စေပြီး ကင်ဆာအချို့ ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် အက်စပရင်ကို အလေးထားအသုံးပြုနိုင်မည့်နည်းလမ်းကို ဆက်လက်ရှာဖွေနိုင်မည်ဟု ဆိုသည်။ ထို့ပြင် ကင်ဆာပျံ့နှံ့မှုကို တားဆီးရန်အတွက် ပိုမိုထိရောက်သော ဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သို့ရာတွင် အက်စပရင်ကလူအချို့ကို ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများဖြစ်စေနိုင်သဖြင့် လက်ရှိတွင် ကင်ဆာကာကွယ်ရန်အတွက် ထိုဆေးကို ဘေးကင်းထိရောက်စွာ အသုံးပြုနည်းကို စမ်းသပ်လျက်ရှိကြောင်း သိရသည်။

(SCI)

## Moon Geun Young သွေးကြောပိတ် ရောဂါကြောင့် ခန္ဓာကိုယ် ဝဖိုင့်လာ

အနုပညာလောကမှ ခုနစ်နှစ်ကြာ အနားယူနေသည့် မွန်ဂါယောင်းသည် သွေးကြောပိတ်ရောဂါကြောင့် ဝဖိုင့်သော ခန္ဓာကိုယ်နှင့် Hellbound 2 တွင် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မွန်ဂါယောင်းသည် ၂၀၁၇ ခုနှစ်မှစ၍ ညာဘက်လက်မောင်း ပြင်းထန်စွာ နာကျင်ခဲ့(သွေးကြောပိတ်ရောဂါ)ရာမှ စစ်ဆေး၍ ခွဲစိတ်မှု လေးကြိမ် ပြုလုပ်ခဲ့ပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသော်လည်း ဝဖိုင့်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့သည်။

မွန်ဂါယောင်းက ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီး အစားအသောက်လျှော့ရန် ပြင်ဆင်နေကာ သူပါဝင်ထားသည့် Hellbound 2 ထုတ်လွှင့်မှုအတွက် ပွဲတက်ရောက်လာခဲ့ရာ ပရိသတ်များက အားပေးမှုတစ်ခဲနက်နှင့် အွန်စောအငယ်လေး မွန်ဂါယောင်းကို ကြိုဆိုခဲ့ကြသည်။

(SKY)



## John Legend နှင့် Wendy တို့ ဂီတပူးပေါင်းမှု ပျက်ပြယ်ခဲ့

ဟောလိဝုဒ်အနုပညာရှင် ဂျွန်လီဂန့်နှင့်ရက်ဒ်ဗဲလင့်အဖွဲ့ဝင် ဝင်ဒီတို့၏ ဂီတပူးပေါင်းမှု Written in the Stars အယ်လ်ဘမ်မှာ အက်စ်အမ်အီး၏ ပရောဂျက်တစ်ခုဖြစ်ပြီး ပရိုမိုးရှင်း မရှိ၍ ပျက်ပြယ်သွားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ရက်ဒ်ဗဲလင့် အဖွဲ့ဝင် ဝင်ဒီကို ဂျွန်လီဂန့်ကိုယ်တိုင် ရွေးချယ်၍ ပူးပေါင်းတင်ဆက်ထားရာမှ ပရိုမိုးရှင်းမရှိ၍ ပျက်သွားခဲ့ရကာ ရစ်ကီမာတင်နှင့် ဝင်ဒီပါဝင် နောက်ခံသီဆိုထားသည့် Vente Pa'Ca ကို ဗားရှင်းလေးခုနှင့် ထုတ်ရန်စီစဉ်ထားပြီး စပိန်၊ အင်္ဂလိပ်၊ ကိုရီးယားနှင့် Salsa ဗားရှင်းတို့ဖြစ်သော်လည်း ဝင်ဒီနှင့် သီဆိုထားမှုကို ရှိမှန်းပင် မသိဖြစ်ခဲ့ကြသည်။

အီလီဂေါင်ဒင်းနှင့် ရက်ဒ်ဗဲလင့်မှ ဝင်ဒီနှင့်ရီယီတို့ ကိုရီးယားဘာသာနှင့် ရေးစပ်ထားကာ အော်ဒီယိုတစ်မျိုးသာ ထွက်ခဲ့ပြီး ဝင်ဒီနှင့် ဂျင်၏ Heart On The Window မှာလည်း ပရိုမိုးရှင်းမရှိဖြစ်ခဲ့ပြီး ဆူဟိုနှင့်ဝင်ဒီ၏ Cheese၊ တေမင်နှင့် ဝင်ဒီတို့၏ Be Your Enemy နှင့် Move Mood Mood၊ ဂျေဟွမ်နှင့် ဝင်ဒီ၏ Try Again အပြင် အခြားအနုပညာရှင်များနှင့်လည်း ဂီတများစွာ ဖန်တီးထားသော်လည်း ကံမကောင်းစွာနှင့် ပျက်ပြယ်မှုများ ရှိခဲ့သည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက လွှတ်တင်ခဲ့သော နဂါးအာကာသယာဉ် အပြည်ပြည်ဆိုင်ရာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**ဝါရှင်တန် မတ် ၁၆**

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက ဒုံးပျံဖြင့်လွှတ်တင်ခဲ့သော နဂါးအာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာအာကာသစခန်းနှင့် ယမန်နေ့က အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ချိတ်ဆက်ပြီးနောက် အသစ်ရောက်လာသော အာကာသယာဉ်မှူးများသည် ကမ္ဘာမြေဆွဲအားလွတ်ရာ အာကာသစခန်းထဲတွင် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များနှင့် ဝမ်းပန်းတသာထွေးပွေ့နှုတ်ဆက်ကြသည်။

ထိုအာကာသယာဉ်မှူးများသည် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းအဖွဲ့ဝင်များဖြစ်သော နာဆာမှ နစ်ခ်ဟိတ်နှင့် ရော့စကော့မော့စ်မှ အာကာသယာဉ်မှူး အလက်ဇန်းဒြား ဂေါ်ဘူနော့ဗ်တို့အပါအဝင် ရုရှား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံမှ အာကာသယာဉ်မှူး လေးဦးတို့နေရာတွင် အစားထိုးမည်ဖြစ်သည်။

နှစ်ရက်ကြာ အလုပ်လက်လွှဲပြောင်းခြင်းပြီးဆုံးလျှင် ယခင်အဖွဲ့သည် ကမ္ဘာမြေသို့ပြန်လည်ထွက်ခွာရန် စီစဉ်ထားသည်။ သို့သော် ပြန်လာမည့်အာကာသယာဉ်အတွက် ကမ္ဘာပေါ်ရှိ မိုးလေဝသအခြေအနေများ စိတ်ချရသည်အထိ အနည်းငယ်နောက်ကျနိုင်ကြောင်း အစီအစဉ်မန်နေဂျာ ဒါနာဝေဂဲလ်က ထုတ်ဖော်ပြောကြားသည်။

နဂါးအာကာသယာဉ်၏ အပြန်ခရီးတွင် နစ်ခ်ဟိတ်၊ အလက်ဇန်းဒြားဂေါ်ဘူနော့ဗ်၊ ဘွတ်ချ်ဝီလ်မိုးနှင့် ဆူနီတာဝီလျံစ်တို့လေးဦး လိုက်ပါလာကြမည်ဖြစ်ကြောင်း သိရသည်။

Mon



ဒေသခံသုတေသီများ ရိုမေးနီးယားနိုင်ငံ၊ နေယမ့်ခရိုင်ရှိ သစ်တောများအတွင်း မကြာသေးမီက တွေ့ရှိခဲ့သည့် နှစ်ပေါင်း ၅၀၀၀ သက်တမ်းရှိ ရှေးဟောင်းခံတပ်တစ်ခုကို တွေ့ရစဉ်။Mon

## ဉာဏ်ရည်တုနည်းပညာပြိုင်ပွဲ အပြင်းအထန်ဖြစ်ပွားနေစဉ် တရုတ်ဉာဏ်ရည်တု မော်ဒယ်အသစ်နှစ်ခု ပေါ်ထွက်လာ

**ပေကျင်း မတ် ၁၆**

ဉာဏ်ရည်တုနည်းပညာပြိုင်ပွဲ အပြင်းအထန်ဖြစ်ပွားနေသည့် အချိန်တွင် ဒီဆိခ်မော်ဒယ်နှင့်ယှဉ်နိုင်သည်ဟုဆိုသော အကြောင်းအရာကိုအဓိကထားသည့် မော်ဒယ်အသစ်အပါအဝင် ဉာဏ်ရည်တုမော်ဒယ်အသစ်နှစ်ခုကို တရုတ်နိုင်ငံအခြေစိုက် ပိုင်တူးကုမ္ပဏီက မတ် ၁၆ ရက်တွင် စတင်မိတ်ဆက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံမှ ဒီဆိခ်ဉာဏ်ရည်တုစနစ်သည် အမေရိကန်ရှိ လုပ်ငန်းခေါင်းဆောင်မော်ဒယ်များနှင့်ယှဉ်နိုင်ရုံမျှမက ပိုမိုကောင်းမွန်သည်ဟုဆိုသော အခြားဉာဏ်ရည်တုမော်ဒယ်များကို စရိတ်အလွန်သက်သာစွာဖြင့် မိတ်ဆက်ခဲ့ပြီး နည်းပညာလောကကိုလှုပ်ခတ်စေကာ ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုပြိုင်ပွဲကို ပြန်လည်အသက်သွင်းပေးခဲ့သည်။

နောက်ဆုံးပေါ်ထွက်လာသော ဉာဏ်ရည်တုမော်ဒယ်အသစ်များအနက်မှ တစ်ခုအကြောင်းပြောရာတွင် အာနီအိတ်ခ်စ်ဝမ်းသည် ဒီဆိခ် အာဝမ်းနှင့် စွမ်းဆောင်ရည်တူညီပြီး ကုန်ကျစရိတ်အောက်ထက်ဝက်လျော့နည်းသည်ဟု ပိုင်တူးကုမ္ပဏီပြောခွင့်ရသူက ရှင်းပြသည်။

အိတ်ခ်စ်ဝမ်းတွင် နားလည်မှု၊ စီစဉ်မှု၊ တွေးတောဆင်ခြင်မှုနှင့် ပြောင်းလဲတိုးတက်မှုစွမ်းရည်များ ပိုမိုကောင်းမွန်ပြီး ကိရိယာများကို ကိုယ်ပိုင်အလိုအလျောက်အသုံးပြုသည့် ပထမဆုံး နက်ရှိုင်းစွာ တွေးခေါ်နိုင်သောမော်ဒယ်ဖြစ်သည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ပိုင်တူး၏ နောက်ဆုံးအခြေခံမော်ဒယ် အာနီ ၄ ဒသမ ၅တွင် အလွန်ကောင်းမွန်သော ဘက်စုံနားလည်နိုင်စွမ်းရှိကြောင်း သိရသည်။ Mon




## ယခင်အပတ်ကတိုက်သော လေဆင်နှာမောင်းများကြောင့် အမေရိကန်ပြည်ထောင်စုတွင် လူ ၃၄ ဦး သေဆုံး

**ဝါရှင်တန် မတ် ၁၆**

အမေရိကန်ပြည်ထောင်စုတွင် ယခင်အပတ်နှောင်းပိုင်းကတိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများကြောင့် လူ ၃၄ ဦး သေဆုံးခဲ့ပြီး မစ်ဆူရီပြည်နယ်တစ်ခုတည်းတွင် သေဆုံးသူ ၁၂ ဦးရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကန်ဆတ်စ်ပြည်နယ်တွင် ဖုန်မှုန့်တိမ်တိုက်ကြောင့် မော်တော်ကားများ ၅၅ စီးထက်မနည်း မတော်တဆမှုဖြစ်ပွားပြီး လူအနည်းဆုံး ၈ ဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က အတည်ပြုသည်။

မစ်ချီဂန်ပြည်နယ်၊ မစ်ဆူရီပြည်နယ်နှင့် အီလီနွိုက်စ်ပြည်နယ်အပါအဝင် ပြည်နယ် ၇ ခုတွင် အိမ်ထောင်စု ၂၅၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ လျှပ်စစ်မီးအခြေအနေစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အရှေ့လူဝီစီယားနားပြည်နယ်၊ အနောက်ဂျော်ဂျီယာပြည်နယ်၊ တင်နက်ဆီပြည်နယ် အလယ်ပိုင်းနှင့် အနောက်ဖလော်ရီဒါကမ်းမြှောင်ဒေသများတွင် လေဆင်နှာမောင်းများ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

Mon

## ဆေးရုံမှဆင်းလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ် သက်သာသဖြင့် တာဝန်များကို စတင်ထမ်းဆောင်နေပြီ



**ရောမ မတ် ၁၆**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အဆုတ်အအေးမိရောဂါအတွက် ဆေးရုံတက်ကုသခဲ့ပြီးနောက် ၅ ပတ်အကြာတွင် ၎င်း၏ ပြန်လည်သက်သာမှုလက္ခဏာများ အပြသဘောဆောင်နေဆဲဖြစ်သဖြင့် ပုပ်ရဟန်းမင်းကြီးဆိုင်ရာ တာဝန်များကို စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗာတီကန်က စနေနေ့တွင် ဖော်ပြချက်အရ ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီး၏ကျန်းမာရေး ယခုအပတ်အတွင်း တည်ငြိမ်သော အခြေအနေတွင်ရှိနေကာ တိုးတက်မှုရှိကြောင်း ဗာတီကန်က မတ် ၁၅ ရက်တွင် အတည်ပြုသည်။

ညပိုင်းတွင်လည်း ပုပ်ရဟန်းမင်းကြီး အသက်ရှူရာတွင် အထောက်အကူဖြစ်စေရန် စက်ကိရိယာများကို လျှော့ချထားကြောင်း သိရသည်။ Mon

## မြောက်မက်ဆီဒိုးနီးယားနိုင်ငံရှိ ညကလပ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ ၅၉ ဦး သေဆုံး၊ ၁၅၅ ဦးဒဏ်ရာရ

**စကိုပီးယား မတ် ၁၆**

မြောက်မက်ဆီဒိုးနီးယားနိုင်ငံရှိ ညကလပ်တစ်ခုတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၅၉ ဦးသေဆုံးပြီး ၁၅၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြို့တော် စကိုပီးယားမှ အရှေ့ဘက် ၁၀၀ ကီလိုမီတာ (၆၀ မိုင်)အကွာရှိ ကိုချန်းမြို့ရှိ ပါ့စ် ညကလပ်တွင်ကျင်းပသည့် နိုင်ငံအတွင်း လူကြိုက်များသော ဟစ်ဟော့အဆိုတော်နှစ်ဦး၏ ဖျော်ဖြေပွဲကို လူ ၁၅၀၀ ခန့် တက်ရောက်နေစဉ် ယင်းမီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။




ထိုမီးလောင်မှု၌ လူငယ်လူရွယ်များ အသက်ဆုံးရှုံးခဲ့ရသဖြင့် တစ်နိုင်ငံလုံးအတွက် အလွန်ဝမ်းနည်းစရာကောင်းသော နေ့ဖြစ်သည်ဟု ဝန်ကြီးချုပ် ဟာရီစတီဂျန်မစ်ကောစကီးက ထုတ်ဖော်ပြောကြားသည်။

ညကလပ်ပိုင်ရှင်ကို စစ်ဆေးမေးမြန်းရန်ထိန်းသိမ်းကာ အခင်းဖြစ်နေရာတွင် လူနှစ်ဦးအား ဖမ်းဆီးထားသည်ဟု ပြည်ထဲရေးဝန်ကြီး ပန့်စတိုစကော့စကီးက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon



## အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းမှ ကိုကိုးစိုက်ပျိုးသူများ သီးနှံများကိုကာကွယ်ရန် ပူးပေါင်းဆောင်ရွက်နေရ

**ဂျကာတာ မတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းမှ ကိုကိုးစိုက်ပျိုးသူ ထောင်ပေါင်းများစွာတို့အနေဖြင့် ကိုကိုးဈေးနှုန်းများကို စံချိန်တင်မြင့်တက်စေသည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များမှ သီးနှံများကို ကာကွယ်ရန် အခြားလုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကိုကိုးပင်များသည် ထိန်းသိမ်းရန်ခက်ခဲပြီး အီကွေတာအနီးတွင်သာစိုက်ပျိုးနိုင်ကာ တည်ငြိမ်သောအပူချိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည်တို့၏ တိကျသောပေါင်းစပ်မှုကို လိုအပ်သည်။

ယင်းကိုကိုးပင်တစ်ပင်မှ ချောကလက်နှင့် အခြားအရသာရှိသော အစားအစာများပြုလုပ်ရာတွင်အသုံးပြုသည့် ကိုကိုးအဖြစ် ပြုပြင်ထားသောအစေ့များကို စတင်ထုတ်လုပ်ရန် ငါးနှစ်ကြာမြင့်ကြောင်း သိရသည်။

Mon

**STOP AIDS**

## မီးဘေးသင့် အိမ်ထောင်စု ၃၇၂ စုအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား မတ် ၁၃ရက်က မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုသို့ထောက်ပံ့ရာတွင် မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ မုန်းဇလဲကျေးရွာသို့ သွားရောက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအဖွဲ့၏ ကျေးရွာတွင်း မီးကြွင်းမီးကျန်များ ငြိမ်းသတ်နေမှုများနှင့် မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခြတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအဖွဲ့သည် မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသွယ်ဝင်းဦးဆောင်သော ဝန်ထမ်းများက မီးဘေးသင့်ပြည်သူများကိုသွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး မီးဘေးသင့်အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦးတို့အတွက် ငွေကျပ် ၄၄၁၆၄၆၂၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မီးဘေးသင့်ပြည်သူများထံ စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၅)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ဆင်ပေါင်ဝဲ မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာနမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မဖြေဆိုမီကာလအတွင်း မြို့ပေါ်ရပ်ကွက်များသို့ မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့ ညနေ ၄ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့်လိုက်လံသတိပေးနှိုးဆော်ခြင်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင်တန်းစာမေးပွဲမဖြေဆိုမီကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မိဘပြည်သူများ အသုံးပြုလျက်ရှိသော မီးဖိုမီး၊ လျှပ်စစ်မီး၊ ခြင်ဆေးခွေမီး၊ ဖယောင်းတိုင်မီးများကို စနစ်တကျအသုံးပြုကြရန်နှင့် မီးသတ်ဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် သင့်ကြောင့် မီးမလောင်ပါစေနဲ့၊ သင်တစ်ဦး မီးပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု မဖြစ်ပေါ်ပါစေနဲ့ စသည့်မီးဘေးအန္တရာယ်သတိပြုလိုက်နာရမည့် အချက်များကိုပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်အတွင်း လှည့်လည်အသိပေးနှိုးဆော်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ရက် ညနေ ၃နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလွှံ(၂)၊ မြို့ပတ်လမ်းတွင် လမ်းလျှောက်လာသူ နိုင်လင်း(ခ)စိုင်းညီဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်လင်း(ခ)စိုင်းညီ(၄၀)နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဆည်ကြီးချောင်း၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ရမည်းသင်း မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဆည်ကြီးကျေးရွာ၊ ဆည်ကြီးချောင်းတွင် အမျိုးသားတစ်ဦး ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှု မတ် ၁၂ရက် မွန်းလွဲ ၂နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရမည်းသင်းမြို့နယ်၊ တောင်ပိုအုပ်စု၊ပျဉ်းမတောကျေးရွာတွင်နေထိုင်သူ မောင်--(၁၅)နှစ်သည် ဆည်ကြီးကျေးရွာ၊ ဆည်ကြီးချောင်း၌ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသဖြင့် ရမည်းသင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၅၇)**

## စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ရက် နံနက် ၉ နာရီ မိနစ်၄၀က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မိုင်းပျဉ်းမြို့ဘက်မှ ကျိုင်းတုံမြို့ဘက်သို့ ကျော်ကျော်ထက်အောင်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၉နာရီ ၄၅မိနစ်က သက်ကျော်ဦးဆိုသူအား အဆိုပါနေရာ၌ LIFAN အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ ဘိန်းဖြူဘလောက်တုံး ၁၄၀တုံး၊ အလေးချိန် ၄၉ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ကျော်ထက်အောင်(၃၂)နှစ်နှင့် သက်ကျော်ဦး(၂၈)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းတွင် ဆီဘောက်ဆာတွဲယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**မိတ္ထီလာ မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ သရက်ပင်ကျေးရွာ၊ မိတ္ထီလာ-ကျောက်ပန်းတောင်း သွားကားလမ်းမကြီးဘေး၊ မိုင်တိုင်အမှတ်(၁၃/၁)မိုင်အနီးတွင် ၁၈ဘီး ဆီဘောက်ဆာတွဲယာဉ်တိမ်းမှောက်မှု မတ် ၁၁ရက် ညနေ ၃ နာရီ မိနစ်၂၀က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးသန်းထိုက်ဆိုသူမောင်းနှင်သော NISSAN YGN/4D (7M/__) နောက်တွဲ ၁၈ ဘီးယာဉ်သည် (92) အောက်တိန်းဆီ ၇၅၀၀ ဂါလန်တင်ဆောင်လာပြီး မန်းသံပုရာကန်မှ စစ်ကိုင်းဘက်သို့ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းအတိုင်း မောင်းနှင်လာစဉ် သရက်ပင်ကျေးရွာလမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်နေရာသို့ မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးသည် မီးငြိမ်းသတ်ယာဉ်သုံးစီး အထောက်အကူပြုယာဉ်နှစ်စီးဖြင့် မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် အမြှုပ်မီးသတ်ဆေးရည် ဂါလန် ၄၀ သုံးစွဲပက်ဖျန်းပေးခဲ့ကြပြီး လူနှင့်အခြားတစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၅၇)**

*-*-*-*-*

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၆၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

**လိုအပ်သည်များ မှာကြား**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနှင့် KK Park နယ်မြေတို့၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၆၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေး ရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၆၅၉၉ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၆၅၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

မတ် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၂၆ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၅၈၉၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck လေးစီး၊ Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Chenglong Tractor Head ခုနစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Nissan Diesel Tractor Head နှစ်စီး၊ Nissan UD Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Daewoo Tractor Head တစ်စီး၊ Scania Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် အတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၃၅၈၉၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၅၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၅၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ကုန်တင်/ကုန်ချကားဝင်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၉၆၀၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၂၅၄၉၆၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Soe Maung Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောဇာချောင်ကျေးရွာနေ စိုးမောင်မောင်(ခ) ဖိုးစိုးအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "သူရိယစိုး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ နေစိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး** (NGB)

လီဂါနက်စ် ၂ - ၃ ဘက်တစ်

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး** (NGB)

လိုင်ယွန် ၄ - ၂

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး** (NGB)

ရှက်ဖီးလ်wed ၀ - ၁ ရှက်ဖီးလ်Utd

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး** (NGB)

ဘိုချန် ၁ - ၃ ဖရန့်ဖတ်

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး** (NGB)

ပင်းနစ်ဇီးယား ၀ - ၀ နာပိုလီ
ဘိုလော့ညာ ၅ - ၀ လာဇီယို

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)အနိုင်၊ အရှုံး** (NGB)

အာဆင်နယ် ၁ - ၀ ချဲလ်ဆီး
ဖူလ်ဟမ် ၂ - ၀ စပါး

# နိုင်ငံတကာ အားကစား သတင်းများ

## ဟာလန်း ပရီးမီးယားလိဂ်တွင် သွင်းဂိုး+ဂိုးဖန်တီးမှု စုစုပေါင်း ဂိုး ၁၀၀ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်



**မန်ချက်စတာ မတ် ၁၆**

မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် အသင်းကစားသမားဘဝ ပရီးမီးယားလိဂ်တွင် သွင်းဂိုး + ဂိုး ဖန်တီးမှု စုစုပေါင်း ဂိုး(၁၀၀) ပြည့်မြောက်သည့် စံချိန်မှတ်တမ်း တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီး နောက်ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်ချက်စတာစီးတီးအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပရီးမီးယားလိဂ်ပွဲစဉ် ၉၄ပွဲကစားပြီး ၈၄ဂိုးသွင်းယူကာ+၁၆ဂိုးဖန်တီးပြီးနောက် စုစုပေါင်း ဂိုး ၁၀၀ ပြည့်မြောက်လာခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဟာလန်းက ‘ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ’ဟု ပြောသည်။ (NGB)

(ဝဲပုံ)

## 2025 BNP Paribas Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Holger Rune တက်ရောက်



**မိုင်ယာမီ မတ် ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဒိန်းမတ် တင်းနစ်ကစားသမား Holger Rune တက်ရောက်နိုင်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ ဒိန်းမတ်တင်းနစ် ကစားသမား Holger Rune သည် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၇-၅၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဒိန်းမတ် တင်းနစ်ကစားသမား Holger Rune နှင့် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)

## ဒန်ဘန်း အင်္ဂလန်လက်ရွေးစင်အသင်းလူစာရင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံရ

**လန်ဒန် မတ် ၁၆**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဒန်ဘန်း အင်္ဂလန်လက်ရွေးစင်အသင်း လူစာရင်းတွင် ပထမဆုံးအကြိမ် အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် နယူးကာဆယ် အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၈ပွဲကစားပြီး ၆ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင် အသင်းတွင် ရွေးချယ်ခြင်းခံလာရခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဒန်ဘန်းက ‘ကျွန်တော် အခုလို လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။လက်ရွေးစင်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ’ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## အီနီဂိုမာတီနက်ဇ် ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ မတ် ၁၆**

ဘာစီလိုနာအသင်းသည် အသင်းနောက်ခံကစားသမား အီနီဂိုမာတီနက်ဇ်အား ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။



အသက်(၃၃)နှစ်အရွယ်ရှိ အီနီဂိုမာတီနက်ဇ်က ‘ကျွန်တော် အခုလို အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း သိမ်းပိုက်ရယူသွားချင်ပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်’ဟု ပြောသည်။

(ဝဲပုံ) (NGB)

## နည်းပြ ဂျူရစ်အား ထုတ်ပယ်ပေးရန် ဆောက်သမ်တန်အသင်းထံ အသင်းပရိသတ်များတောင်းဆို

**လန်ဒန် မတ် ၁၆**

ဆောက်သမ်တန်အသင်း ပရိသတ်များသည် အသင်းရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဂျူရစ်အား ရာထူးမှထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုလာကြသည်။



ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝုဖ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းပရိသတ်များက နည်းပြ ဂျူရစ်ပေါ် စိတ်ပျက်လျက်ရှိပြီး ရာထူးမှထုတ်ပယ်ပေးရန် တောင်းဆိုလာကြခြင်း ဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၉ ပွဲကစား အပြီးတွင် ရမှတ်ကိုးမှတ်သာ ရရှိသေးပြီး အမှတ်ပေးဇယား အဆင့် ၂၀ နေရာတွင် ရပ်တည်နေကာ တန်းဆင်းရန် သေချာလုနီးပါး ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ဆောက်သမ်တန်အသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ဂျူရစ်အား ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## နီကိုရှလော့တာဘက်ခ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဒေါ့မွန်အသင်းမှ ထွက်ခွာဖွယ်ရှိ

**ဒေါ့မွန် မတ် ၁၆**

နောက်ခံကစားသမား နီကိုရှလော့တာဘက်ခ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဒေါ့မွန်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။



အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား နီကိုရှလော့တာဘက်ခ်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၁ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နီကိုရှလော့တာဘက်ခ် ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် ဒေါ့မွန်အသင်းမှ ထွက်ခွာ ဖွယ်ရှိနေသော နီကိုရှလော့တာဘက်ခ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2025 BNP Paribas Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Mirra Andreeva တက်ရောက်

**မိုင်ယာမီ မတ် ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်သို့ ရုရှားတင်းနစ်မယ် Mirra Andreeva တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek အား ၇-၆၊ ၁-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ရုရှားတင်းနစ်မယ် Mirra Andreeva နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

*-*-*-*-*

## အမျိုးသမီးလိဂ်ဖလားပြိုင်ပွဲ ချန်ပီယံဆုအား ချဲလ်ဆီးအမျိုးသမီးအသင်း ဆွတ်ခူး

**လန်ဒန် မတ် ၁၆**

အမျိုးသမီးလိဂ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချဲလ်ဆီး အမျိုးသမီးအသင်းနှင့် မန်ချက်စတာစီးတီး အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီး အမျိုးသမီးအသင်းက မန်ချက်စတာစီးတီး အမျိုးသမီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ချဲလ်ဆီးအမျိုးသမီးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အမျိုးသမီးလိဂ်ဖလား ချန်ပီယံဆုအား သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် ‘အသင်းအနေနဲ့ အခုလို လိဂ်ဖလား ချန်ပီယံဆုအား ဆွတ်ခူး နိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို အသင်းအား ချန်ပီယံဆုရရှိအောင် အစွမ်းကုန် ကြိုးစားပေးခဲ့ကြတဲ့ အသင်းကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်’ဟု ထုတ်ပြန်သည်။(အောက်ပုံ)(NGB)






## ပါဠိပထမပြန်စာမေးပွဲ အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်သည့် (၂၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး မတ် ၁၆**

၂၀၂၄ ခုနှစ် ပထမပြန် စာမေးပွဲတွင် ချမ်းမြသာစည်မြို့နယ် ကျောင်းတိုက်အသီးသီးမှ အောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်၂၃၆ ပါးအား (၂၈)ကြိမ်မြောက် အောင်လက်မှတ်နှင့် စာအောင်ဆု ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၁၅ရက် နေ့လယ်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ မဟာမုနိဘုရားကြီး ၄၅ တာရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သြဝါဒါဆရာတော်ဘဒ္ဒန္တဣန္ဒက ထံမှ ကြွရောက်လာသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်က ဘာသာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။ **(အပေါ်ပုံ)**

ဘွဲ့လက်မှတ်များ ဆက်ကပ်လှူဒါန်းမှုအဖြစ် ပထမကြီး ၁၁ ပါး၊ ပထမလတ် ၁၉ပါး၊ ပထမငယ် ၅၄ ပါး၊ အခြေပြုမူလတန်း ၁၅၂ ပါး၊ စုစုပေါင်း သံဃာတော် ၂၃၆ ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆုလက်မှတ်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာမကြီးနှစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေ ပေးအပ်

**သရက် မတ် ၁၆**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာမကြီး နှစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် နာယကဆရာကြီး ဦးတင်ထွဋ်က ယခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမများ လစဉ်အလှူငွေ ပေးအပ်ရာမှာ စေတနာအလှူငွေ ကောက်ခံသည့်စနစ်ဖြင့်ဆောင်ရွက်၍ ထောက်ပံ့ငွေ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်ရီရီဌေး အ-လ-က(အထက-၂)နှင့် ဒေါ်မြင့်မြင့်ဝင်း (လ/သ၊အမက ရုံးရပ်)တို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာနာယက ဆရာကြီး ဦးတင်ထွဋ်နှင့်ဦးအောင်ကျော်စိုးက ပေးအပ်ရာ ထောက်ပံ့ခံဆရာမကြီးနှစ်ဦးတို့မှ လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အငြိမ်းစားသက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေကျပ်သုံးသောင်းစီ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာကြီးဦးမြင့်ဆွေက လက်ခံပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင်များ၏ မဟာသင်္ကြန်(ဟိုလီ) ရေကစားပွဲတော် မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးမြို့တွင်း၊ မြို့ပြင်ရှိ ဟိန္ဒူဘာသာဝင်များ၏ ဘုရားကျောင်းဂေါပကအဖွဲ့တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (ဟိုလီ)သင်္ကြန်ပွဲတော်ကို ဘုရားကျောင်းတော်များမှ စတင်ကာ ရပ်ကွက်နေ သက်ကြီး၊ သက်လတ်၊ သက်ငယ်မောင်မယ်များစုစည်းကာ ရောင်စုံသင်္ကြန်ရေများ၊ ရောင်စုံဆေးမှုန့်များဖြင့် တစ်ဦးနှင့်တစ်ဦး လေးစားချစ်ခင်ပျော်ရွှင်စွာ ပက်ဖျန်းရေကစားကြသည်ကို စည်ကားစွာ တွေ့ရသည်။ **(ဝဲပုံ)**

အဆိုပါ သင်္ကြန်ပွဲဆင်နွှဲကြရာတွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ (၅၂)ကွက်အတွင်းရှိ သင်္ကြန်မဏ္ဍပ်တွင်လည်း ပျော်ရွှင်စွာ အဆို၊ အကတို့ဖြင့် သင်္ကြန်ရေကစားကြပြီး ရပ်ကွက်တွင်း တစ်အိမ်တက်ဆင်း သွားရောက်လှည့်လည်၍ သင်္ကြန်ရေကစားကြရာ နေအိမ်တို့မှ မိသားစုတို့ကလည်း အချိုမုန့်မျိုးစုံနှင့် ဖျော်ရည်အအေးတို့ဖြင့် ပြန်လည်ကျွေးမွေးဧည့်ခံကြကြောင်းနှင့် မန္တလေး ချမ်းအေးသာစံမြို့နယ် ဘုရားကျောင်းအသီးသီးတို့တွင်လည်း (ဟိုလီ)သင်္ကြန်ရောင်စုံရေကစားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်းနှင့် မန္တလေးမြို့တွင်းရှိ ဟိန္ဒူမိသားစုဝင်များကလည်း ကားများဖြင့် နေအိမ်များသို့ လှည့်လည်ကာ သက်ကြီးသူများကို ဦးစွာကန်တော့ပြီး ရောင်စုံဆေးမှုန့်ဖြင့်ပက်ဖျန်း၍ (ဟိုလီ)သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(ဝ၄ဝ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မင်္ဂလာကန်တော်ခန်းမ၌ ပန်းချီပြပွဲ ကျင်းပ

**ပျဉ်းမနား မတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာကန်တော်ခန်းမ၌ Kay and Kar ပန်းချီပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ပြပွဲတွင် ပါဝင်ပြသထားသော ပန်းချီကားများမှာ Kay and Kar မောင်နှမနှစ်ယောက်၏ ကြိုးစားအားထုတ်ကာ ရေးဆွဲလေ့ကျင့်ထားသော Acrylic on canvas ပန်းချီအမျိုးအစားနှင့် Gouache on board ပန်းချီအမျိုးအစား နှစ်မျိုးဖြစ်ပြီး စုစုပေါင်း ပန်းချီကား ၇၆ ကား ပြသထားသည်။

ပြပွဲသို့ လာရောက်ကြည့်ရှုကြသူများက သဘောကျနှစ်ခြိုက်သည့် ပန်းချီကား ၂၂ ချပ်ကို ဝယ်ယူအားပေးခဲ့ကြပြီး Kay and Kar ပန်းချီမောင်နှမနှစ်ဦးက လက်မှတ်ရေးထိုးပေးခဲ့ကြသည်။



အဆိုပါပန်းချီပြပွဲသို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ပန်းချီဆရာ၊ ဆရာမများ၊ ပန်းချီဝါသနာရှင်များက လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ပြပွဲအား မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## နမ္မတီးအနုပညာပြခန်းဖွင့်လှစ် ပန်းချီမျိုးသက်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသ

**မန္တလေး မတ် ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏီမဟီရပ်ကွက်၊ ၇၉ လမ်း၊၂၇လမ်းနှင့်၂၈လမ်းကြားရှိ ကောင်းကျော်ကဖေးအပေါ်ထပ်တွင် နမ္မတီးအမည်ရှိ ပန်းချီအနုပညာပြခန်းဖွင့်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ မန္တလေးမြို့ရှိ ပန်းချီဆရာကြီးများ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၊ သတင်းစာဆရာများ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်အားပေးကြသည်။

နမ္မတီးပန်းချီအနုပညာပြခန်းဖွင့်ပွဲတွင် မန္တလေးမြို့မှ ပန်းချီဆရာကြီးများဖြစ်သော ဆရာဦးခင်မောင်သန်းနှင့် ဦးစိန်မြင့်(ရွှေခြည်ထိုး)တို့က မှတ်တမ်းစကားများပြောကြားပြီး ပန်းချီဆရာကိုမျိုးသက်က ပန်းချီပြပွဲကျင်းပရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ နမ္မတီးအနုပညာပြခန်းပိုင်ရှင်ကိုကျော်သူက ကျေးဇူးတင်စကားပြောကြားသည်။

ပန်းချီမျိုးသက်၏ တစ်ကိုယ်တော်ပန်းချီပြပွဲတွင် မန္တလေးပုံရိပ်ကို ထင်ဟပ်စေသော Arcylic (အခရိုင်းလစ်)ကားများအား မတ် ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၇နာရီအထိ ပြသခဲ့ပြီး ပန်းချီအနုပညာဝါသနာရှင်များ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

## ရေနီမြောင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မတ် ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း၃၀၊ ၆၁လမ်းထောင့်ရှိ ရေနီမြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၁၅ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း ဦးဆောင်သည့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၃၉ ဦးခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

PNT



## မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့



တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မျက်နှာသစ်တော်ရေ နံ့သာရည်လှူဒါန်းရန် သနပ်ခါးသွေးသူ များပြား

**မန္တလေး မတ် ၁၆**

မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်(ဘုရားကြီး)တွင် ရုပ်ပွားတော်ကြီးအား သနပ်ခါး နံ့သာရည်ဖြင့် ရေတော်ဆရာတော်က မျက်နှာသစ်တော်ရေကို နေ့စဉ် နံနက် ၄ နာရီတွင် ဆက်ကပ်လှူဒါန်းရာ အဆိုပါ နံ့သာရည်အတွက် သနပ်ခါးသွေးသူများနှင့် စည်ကားများပြားလျက်ရှိသည်။



အဆိုပါ မျက်နှာသစ်တော်ရေ နံ့သာရည်သနပ်ခါးသွေးရန်အတွက် ဘုရားပရိဝုဏ်မြောက်ဘက်ရှိ နံ့သာဆောင်တွင် သနပ်ခါး၊ နံ့သာဖြူနှင့် ကရမက်များ အဆင်သင့်ထားရှိပေးကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ နံ့သာသွေးဆောင်ကို ဖွင့်လှစ်ထားပါတယ်။ သွေးတော့မယ်ဆိုရင် လက်တွေကို ဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးရမယ်။ကိုယ်သွေးချင်တဲ့သနပ်ခါးကို ရွေးပြီး သွေးလို့ရတယ်။ ခြင်းက နံ့သာဖြူ နှစ်ခြင်း၊ ကရမက်က တစ်ခြင်း၊ သနပ်ခါးဆိုပြီး တစ်ခြင်းခွဲထားပေးတယ်။ စနေ၊ တနင်္ဂနွေ ဥပုသ်နေ့တွေမှာ သနပ်ခါးသွေးသူများလွန်းလို့ တန်းစီပြီး စောင့်ကြရတယ်။ တစ်ရက်ကို လူဦးရေ ၁၀၀ ကျော် ၂၀၀ ဝန်းကျင်ရှိတယ်" ၎င်းက ပြောသည်။

နံ့သာဆောင်ကို နံနက် ၇ နာရီမှ ညနေ၃နာရီအထိ ဖွင့်လှစ်ထားရှိပြီး လက်မ ၂၀ခန့်ရှိ ကျောက်ပြင်များနှင့် သနပ်ခါး၊ နံ့သာဖြူ၊ ကရမက်များ ထားရှိပေးထားကြောင်း၊ အများပြည်သူများသွေး၍ လှူဒါန်းသော နံ့သာရည်များကို ငွေဖလားသုံးလုံးဖြင့် မွန်းလွဲ ၃ နာရီတွင် သိမ်းဆည်းကာ နံနက် ၄ နာရီတွင် ရုပ်ပွားတော်ကြီးအား ရေတော်ဆရာတော်မှ နံ့သာရည်ဖြင့် မျက်နှာသစ်တော်မူရန် ပြင်ဆင်ထားရှိသည်။

"ဘုရားကြီးမျက်နှာသစ်ဖို့အတွက် ငွေဖလားကြီးသုံးလုံးထဲမှာ ရေသန့်နဲ့ကျောက်ချဉ်ကို အချိုးကျရောစပ်တယ်။ ကြာရှည်ခံအောင်လို့ပါ။ သနပ်ခါးနံ့သာရည်သွေးကြသူတွေက အဝေးမှလာတဲ့သူတွေရှိသလို ငါးနှစ်ကျော်လောက် မပျက်မကွက်သွေးတဲ့သူတွေရှိတယ်။ သနပ်ခါးသွေးကြတဲ့သူတွေက သူ့ရက်နဲ့သူရှိသလို အမြဲတမ်းလိုလို လုံလောက်ပါတယ်" ဆက်လက်ပြောကြားသည်။

သနပ်ခါးကို မြန်မာတို့က အထွတ်အမြတ်ထားရှိကာ ဗုဒ္ဓရုပ်ပွားတော်အား မျက်နှာသစ်တော်ရေအဖြစ် ဆက်ကပ်လှူဒါန်းကြသည့်အပြင် ရှေးနှစ်ပေါင်းများစွာကတည်းက ယနေ့တိုင် အစဉ်အဆက် သုံးစွဲလျက်ရှိသည့် မြန်မာ့ယဉ်ကျေးမှုလေ့တစ်ခုဖြစ်သည့်အတွက် UNESCO မှ အသိအမှတ်ပြုရေး ဆောင်ရွက်နေကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဇ)

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (RPAD-AMR) အသင်းသားစုံညီအစည်းအဝေးကို မတ် ၁၆ ရက် မွန်းလွဲပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ ၁၁၁လမ်းနှင့် ၁၁၂ လမ်းကြားရှိ ရွှေမန္တလေးခန်းမတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးပွဲတွင် အသင်းအဖွဲ့စည်းမျဉ်းဆိုင်ရာများ၊ အသင်းသားများလိုက်နာရမည့် စည်းကမ်းများ၊ အိမ်ခြံမြေနှင့်ပတ်သက်သော ဥပဒေများနှင့် အခြားသောအချက်အလက်များကို ဆွေးနွေးမှုများကို ပြုလုပ်သည်။

"အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ၂၀၁၄-၁၅ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၂၄ခုနှစ်မှစတင်ပြီး ကျွန်မတို့အသင်းကြီးက မြို့နယ်ကိုးခုမှာ အသင်းဖွဲ့စည်းပြီးဖြစ်ပါတယ်၊ ဆက်လက်ပြီး မန္တလေးတိုင်းအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ဖွဲ့စည်းသွားဖို့ ရှိပါတယ်။ အသင်းသူ၊ အသင်းသားအနေနဲ့လည်း ၂၀၀၀ကျော်ရှိနေပြီဖြစ်ပါတယ်" ဟု မန္တလေးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ဝါဝါဝင်းက ပြောသည်။

အိမ်ခြံမြေကိုယ်စားလှယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်းခွဲများ ဖွဲ့စည်းထားသော နေရာအဖြစ် ပုသိမ်ကြီး၊ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ အမရပူရ၊ ရမည်းသင်းမြို့နယ်များတွင် ဖွဲ့စည်းထားရှိပြီး ဆက်လက်၍ မြို့နယ်အလိုက် အသင်းများကို ဖွဲ့စည်းသွားမည် ဖြစ်သည်။

"အသင်းဆိုတာသည် အသင်းသူ၊ အသင်းသားအများနဲ့ ဖွဲ့စည်းထားတယ်၊ ပြည်သူများကလည်း စောင့်ကြည့်တယ်။ အသင်းအဖွဲ့ကို လုပ်ဆောင်တဲ့နေရာမှာ ဥပဒေကို လေးစားလိုက်နာခြင်း၊ ပြည်သူများရဲ့ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခြင်း၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ဆန့်ကျင်ဘက်မဖြစ်ဘဲ ဥပဒေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဥပဒေနဲ့အညီတင်ပြခြင်း အဲလိုဆောင်ရွက်မှသာလျှင် အသင်းအဖွဲ့များ ရေရှည်တည်တံ့မှာဖြစ်ပါတယ်။ အသင်းအဖွဲ့တစ်ခု၏ အကျိုးစီးပွားတစ်ခုတည်း အကောင်အထည်ဖော်မယ်၊အသင်းအဖွဲ့အစည်းမျဉ်းတွေကို ပြင်ဆင်မယ်ဆိုရင် ပြည်သူနဲ့သဟဇာတ မဖြစ်ရင် ပြည်သူရဲ့အားကိုး ယုံကြည်တဲ့ အသင်းအဖွဲ့မဖြစ်နိုင်ပါဘူး" ဟု မန္တလေးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နာယက ဦးတင်မောင်က ပြောသည်။

အသင်းအနေဖြင့် အသင်းစည်းမျဉ်းစည်းကမ်းများကို ဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်း၊ အသင်းသူ၊ အသင်းသားများအား နိုင်ငံတော်မှ ချမှတ်ထားသော စည်းမျဉ်း၊စည်းကမ်းများကို လိုက်နာပြီး အိမ်၊ ခြံ၊မြေလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်စေခြင်း၊ ပြည်သူများ၏ ယုံကြည်မှုအား ပိုမိုရရှိစေရန်အတွက် စည်းကမ်းကျနစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ရ)

၀-၀-၀-၀-၀

## မန်းရွှေစက်တော် ဘေးမဲ့တောဥယျာဉ်တွင် ရွှေသမင် ၆၂ ကောင် ထိန်းသိမ်းစောင့်ရှောက်ထား

**မင်းဘူး မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်မှ ဌာနေဖွား ဒေသရင်းမျိုးစိတ် ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင် ၆၂ ကောင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူး(စကု)မြို့နယ်တွင် ရှိပြီး ဧရိယာ မိုင် ၂၁၃ ဒသမ ၄ မိုင် ကျယ်ဝန်းသော အပူပိုင်းခြောက်သွေ့သော သန်းဒဟတ်တောများကို လည်းကောင်း၊ မုန်းချောင်းနှင့် မန်းချောင်း ရေဝေကုန်းတန်းများကို လည်းကောင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် နေပြည်တော် ဆာဖာရီဥယျာဉ်နှင့် ပုဂံလောကနန္ဒာ ဥယျာဉ်များမှ ရွှေသမင်အထီး ငါးကောင်၊ အမ ခုနစ်ကောင်ဖြင့် မွေးမြူထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် အထီး ၁၈ ကောင်၊ အမ ၃၅ ကောင် စုစုပေါင်း ရွှေသမင် ၅၃ ကောင်ရှိပြီး ယခုလက်ရှိ ရွှေသမင်သား ၉ ကောင်ပေါက်လာရာ ၆၂ ကောင်အား အစာရေစာများ တိုက်ကျွေးကြသည့်အပြင် ဖြည့်စွက်စာများကိုပါ ဝယ်ယူကျွေးမွေး၍ အနီးကပ် ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ထားရကြောင်း သိရသည်။

""ကြယ်လိပ်တို့ ရွှေသမင်တို့ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင်တွေပါဗျာ။ အသေအပျောက်လည်းများတယ်။ မြန်မာ့ရွှေသမင်တွေဆိုရင်လည်း မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့ ဌာနေဖွား ဒေသရင်း မျိုးစိတ်များဖြစ်ပြီး အလွန်မတန်မှ ရှားပါးတဲ့အတွက် မျိုးသုဉ်းမျိုးဆက်မပြတ်စေရေး၊ ရွှေသမင်သားပေါက်များ တိုးပွားလာစေရေးတို့အတွက် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ထားရပါတယ်။ ယခုနှစ် ရွှေစက်တော် ဘုရားပွဲနှင့် အခြားအထင်ကရနေရာများ လာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်မှ ဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်ခြံမှာ ရွှေသမင် ၆၂ ကောင်ရှိပါတယ်။ လာရောက်လေ့လာကြည့်ရှုလို့ရပါတယ်"" ဟု ရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။



(၅၀၄)

၀-၀-၀-၀-၀

ဝတ္ထုတိုကဏ္ဍ



# နှလုံးသားထဲက အဖေ့မေတ္တာ

မျိုးမင်းထက်(မန္တလေး)

(၁၀-၃-၂၀၂၅) စာမျက်နှာ(၁၄)မှ အဆက်

တက္ကသိုလ်ဝင်တန်းအဆင့် ဆယ်တန်းသည် အရေးကြီးသည်မို့ ကျောင်းလည်းတက်၊ အိမ်မှာလည်း ဘာသာရပ်အလိုက် ဆရာများနှင့် သင်ယူကျက်မှတ်စေခဲ့သည်။ သို့ရာတွင် ကာယကံရှင် မောင်ကျော်တင့်မှာ စာထဲမှာ စိတ်မဝင်စား။ ယခင် သူငယ်ချင်းများနှင့် ပြန်ချိတ်မိကာ ဆေးလိပ်အဆင့်ကျော်၍ မူးယစ်ဆေးသုံးစွဲသည့်အဆင့်ရောက်နေသည်။ ကျောင်းမှဆရာ၊ ဆရာမများကလည်း ဦးလှကျော်ထံ အသိပေးပေါင်း များခဲ့ပြီ။ အိမ်သင်ဆရာ၊ ဆရာမများကလည်း သတိပေးသည်။ သို့ရာတွင် မောင်ကျော်တင့်မှာ နယ်လွန်နေလေပြီ။ သို့နှင့်ပင် ဆရာ၊ ဆရာမအသီးသီးလည်း လက်လွှတ်၍ သွားကြသည်။

သို့နှင့်ပင် မောင်ကျော်တင့် ဆယ်တန်းပထမနှစ်ကျသည်။ ဦးလှကျော်က သားကို ဖျောင်းဖျဆုံးမသည်။

ရှေ့နှစ် ဆက်ဖြေရန် အားပေးသည်။ တိုက်တွန်းသည်။ ကောင်းပြီကောင်းလျက်နှင့် မောင်ကျော်တင့်တစ်ယောက် နှစ်စပိုင်းတွင် စာကြိုးစားသေးသည်။ နှစ်လယ်လောက်တွင် တဖြည်းဖြည်းလျော့ရဲလာသည်။ လျှောက်လည်ခွင့် ပေးထားသောကြောင့် အပေါင်းအသင်းများနှင့် အဆက်မပြတ်။

ဦးလှကျော်ကမူ သားဖြစ်သူ လိမ္မာပြီအထင်နှင့် အလုပ်ဘက်ပြန်မဲကာ ခရီးအသွားအလာများနေခဲ့သည်။ ထိုသည်ကပင် ဦးလှကျော်အတွက် မှားသွားသည်။ ကျွန်ယုံ တစ်ဖက်ကမ်း၊ သား၊သမီးယုံ စုံလုံးကန်းဆိုသည့်အတိုင်း ဦးလှကျော် စုံလုံးကန်းရုံတင်မက ကိုယ်ပါနွမ်းလျသွားခဲ့သည်။ ဦးလှကျော် သား၊သမီးကံဆိုးသည်ဟု ဆိုရမည်။

*-*-*-*-*-*-*

မောင်ကျော်တင့်တစ်ယောက် ဘိန်းဖြူသုံးစွဲမှုဖြင့် အမှုရင်ဆိုင်ရသည်။

ဖခင်၏ အလိုလိုက် အကြိုက်ဆောင်ပေးထားသည်ကို အခွင့်ကောင်းယူကာ မူးယစ်ဆေးသုံးသော သူငယ်ချင်းများနှင့် အမျှင်မပြတ် ဆက်သွယ်နေခဲ့သည်။ ဖခင်မသိအောင်လည်း ပိပိရိရိနေခဲ့သည်။ ဖခင်ဖြစ်သူ ခရီးသွားများလေ မောင်ကျော်တင့်တစ်ယောက် အကြိုက်တွေ့လေ လွတ်လပ်ခွင့်ပိုရလေ ဖြစ်ခဲ့သည်။

သူငယ်ချင်းများ အမြုအဆွယ်ကလည်း ကောင်းသကဲ့သို့ ကိုယ်၌ကလည်း စိတ်ယိုင်သလို ဆေးစွဲသယောင်ဖြစ်နေသည်။ သို့နှင့် ဖခင်ခရီးသွားခိုက်တစ်ရက်တွင် သူငယ်ချင်းများနှင့်အတူ ဘိန်းဖြူသုံးစွဲရာ သက်ဆိုင်ရာမှ ဖမ်းမိကာ အချုပ်အနှောင်ဖြင့် အမှုရင်ဆိုင်ရခြင်း ဖြစ်သည်။

သက်သေပစ္စည်းများနှင့်တကွ အမှုကြောင်းမှာ ထင်ရှားသည့်အပြင် ဆေးစစ်ချက်များအရလည်း သက်သေထင်ရှားသဖြင့် မောင်ကျော်တင့်နှင့် သူငယ်ချင်းတစ်စု ဥပဒေ၏ ပြစ်ဒဏ်ခံကြရသည်။ ပြစ်ဒဏ်ကျခံစဉ်အတွင်း ဆေးဖြတ်ကုသခံယူခွင့်ရသည်။

ဆေးဖြတ်ကုသခံပြီးနောက် မောင်ကျော်တင့် စိတ်ရောကိုယ်ပါ ကျန်းမာရေးကောင်းခဲ့သည်။ စိတ်သစ်၊ လူသစ်အလား ခံစားရသည်။ အသိတရားများလည်း တစိမ့်စိမ့် ဝင်ခဲ့သည်။ ဖခင်ဖြစ်သူ၏ မေတ္တာတရားကိုလည်း နားလည်ခဲ့ပြီ။ ပြစ်ဒဏ်ကျခံပြီး တစ်နေ့အဖေ့ထံ ဝန်ချတောင်းပန်မည်။ အဖေဖြစ်ချင်သည့် ဆန္ဒများကို ဖြည့်ဆည်းပေးမည်။ စာကြိုးစားကာ အဖေဖြစ်ချင်သည့် ပညာတတ်တစ်ယောက်ဖြစ်အောင်ကြိုးစားမည်။ အချိန်မီသေးသည်။ သို့ဆိုလျှင် အဖေမည်မျှ ဝမ်းသာနေမည်နည်း။

*-*-*-*-*-*-*

ဦးလှကျော်တစ်ယောက် သားဖြစ်သူ၏ စကားများကြားရလျှင် ဝမ်းသာလိုက်မည့်ဖြစ်ချင်း။ ကမ္ဘာပေါ်မှာ သူ့လောက်ပျော်သည့်သူ ရှိမည်မဟုတ်ဟုပင် ဟစ်ကြွေးနေခြိမ့်မည်။ ဟစ်ကြွေးမည်ဆိုကလည်း ဟစ်စရာပင်။ သူ့ဘဝတစ်သက်တာ အတောင့်တဆုံး၊ အလိုချင်ဆုံးက သားလေးလိမ္မာရေးခြားရှိပြီး ပညာတတ်ရေးပင် မဟုတ်လား။ ပျော်မှာပေါ့ ဟစ်ကြွေးမှာပေါ့။

ယခင်က သားဖြစ်သူ ဘယ်လောက်မှားမှား အခုနေခါ အမြင်မှန်နဲ့ လမ်းမှန်ပေါ်ရောက်လာသည့် သားကို ပိုလို့ပင် ချစ်ဦးမည်။ ဘဝမှာနေပျော်သလို သေပျော်ပြီလို့တောင် ဆိုလေမလားဘဲ။

သားဆိုတာ အားတဲ့။ အခု တကယ်ပဲ အားဖြစ်ခဲ့ပြီ။

"တကယ်တော့ သားဟာ အပေါင်းအသင်းမတော်တာကြောင့် မိုက်မှားခဲ့တာပါ။ အဖေ သိပါတယ်။ အချိန်ကိုစောင့်ရင်း အမြင်မှန်ရမယ့်တစ်နေ့ ကြည့်နေခဲ့တာ ရောက်မလာခဲ့ဘူး။ ဖြစ်မလာခဲ့ဘူး။ ဖြစ်လာတာကတော့ အဖေ့ရဲ့နှလုံးရောဂါပဲ။ ပြစ်ဒဏ်ကို ဥပဒေနဲ့ ဆေးကြောပြီးပြီဆိုပေမယ့် သားဘဝမှာ အမည်းစက်တော့ ဖြစ်တာပေါ့။ ဒါပေမဲ့ ဘယ်သူတွေ ဘာတွေပြောပြော သားအခုလို အမြင်မှန်ရတာ အလင်းတန်းပေါ်လာတာ ဝမ်းသာလှပါပြီ။ ဝမ်းသာတယ်ဆိုတဲ့ စကားနှင့်ပင် မတင်းတိမ်ဘူး သားရယ်။ ဝမ်းသာလွန်းလို့ပါ။"

"သားအမြင်မှန် ရပြီဆိုတော့ တကယ်လက်တွေ့ ကြိုးစားပြလိုက်စမ်းပါ သားရယ်.."

သားဖြစ်သူကို ရင်ခွင်မှာပွေ့ဖက်ရင်း သားကိုယ်လုံးလေးကို ပွတ်သပ်ကာ ဝမ်းပန်းတသာဖြင့် ဦးလှကျော်ပြောနေမည့်စကားများကို ကြားယောင်နေမိသလို ဦးလှကျော်၏ ဟန်ပန်အမူအရာကိုလည်း မြင်ယောင်နေမိပါသည်။

*-*-*-*-*-*-*

ကျန်းမာရေးအရ ဦးလှကျော် အနားယူနေရသော်လည်း စိတ်အစဉ်က သားဆီမှာ ရောက်နေသည်။ သားအပေါ် မျှော်လင့်ထားသည်တို့ လားလားမျှ ဖြစ်မလာသည့်အပြင် ဥပဒေနှင့် ငြိစွန်းသည့် အပြုအမူကြောင့် ပြစ်ဒဏ်ပင် ခံနေရသည့် သား၏ ဖြစ်အင်ကြောင့် စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ နေ့စဉ်နှင့်အမျှ သားအကြောင်းသာလျှင် ကြီးစိုးနေသည်။ အစာအာဟာရစားသောက်တာလည်းမမှန် စိတ်ထောင်းလို့ ကိုယ်ကြေတော့သည်။ တစ်သက်တာ ရုန်းကန်လှုပ်ရှားခဲ့ရသည့်ဒဏ်၊ စိတ်သောကဒဏ်တွေဟာလည်း နည်းမှ မနည်းဘဲကိုး။

သို့နှင့်ပင် စိတ်ဖိစီးဒဏ်က နှလုံးကို ဝန်ပိစေခဲ့သည်။ စိတ်ဖိစီးအားကြီးလွန်း၍ နှလုံးသားပင် မခံနိုင်ရှာတော့ပေ။ အစာအာဟာရ လျော့ရဲချို့တဲ့လာခြင်းကလည်း နှလုံးခံနိုင်ရည်ကို လျော့ပါးစေခဲ့သည်။

တစ်ညတွင် ဦးလှကျော်အမောဖောက်သဖြင့် ဆေးရုံတင် အရေးပေါ်ကုသရသည်။ ဦးလှကျော်၏ စိတ်ဖိစီးအားသည် မည်မျှအားကြီးသည်ကို သူ့နှလုံးမှ သွေးကြောများက သက်သေထူသွားခဲ့သည်။ သွေးကြောမျှင်တို့မှာ အလျှိုလျှိုပျက်စီးနေကြပြီဖြစ်ရာ အထူးကုဆရာဝန်ကြီးများ၊ ပါရဂူကြီးများ ဝိုင်းဝန်းအသက်လု ကုမကြသည့်တိုင် ..... ။

ဦးလှကျော်တစ်ယောက် သားဖြစ်သူ၏ အလိမ္မာစကားတို့ကို ကြားသိမသွားလိုက်ရပါ။ တမလွန်ဘဝမှာ ကြားသိခွင့် ကြုံလေမလားတော့မသိ။ သားအပေါ်ထားသည့် မေတ္တာတရားကို နှလုံးသားနှင့် သက်သေထူသွားသည် မဟုတ်ပါလား ..... ။

ဦးလှကျော်တစ်ယောက် ကောင်းရာ သုဂတိလားပါစေသား .....

## ဆောင်းကုလားပဲများ လှိုင်လှိုင်ထွက်ပေါ် ဈေးကောင်းရရှိနေ



မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းစိုက်သီးနှံအဖြစ် အများဆုံးစိုက်ပျိုးသည့် ဆောင်းကုလားပဲများ ရိတ်သိမ်းပြီးကြရာ ပဲဈေးကွက်အတွင်း လှောင်လက်သမားများ ဝယ်လိုအားကောင်းနေသည်။

ဆောင်းကုလားပဲသီးနှံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျောက်ဆည်မြို့နယ်တွင် ၃၀၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၁၅၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲကို မျိုးအနေဖြင့် V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးဟူ၍ နှစ်မျိုးရှိပြီး V2 ကုလားပဲမျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုးစေ့တစ်တင်း၊ တစ်တင်းခွဲနှုန်းခန့် ပက်ကြဲရကြောင်း၊ တောင်သူများအနေဖြင့် ကုလားပဲမျိုးကို မိမိအိမ်တွင် သေချာစွာ သိမ်းဆည်းထားပြီး မျိုးအဖြစ်အသုံးပြုသလို အချို့တောင်သူများသည် စိုက်ပျိုးချိန်တွင် ပွဲရုံများမှ ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀,၀၀၀ ဝန်းကျင်ခန့် ကုန်ကျသည်။

ယခုအချိန်တွင် ဆောင်းကုလားပဲများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၁-၁၂ တင်းခန့် ထွက်ရှိကြောင်း ယခင်နှစ် ကုလားပဲဈေးနှုန်းအနေဖြင့် ကုလားပဲ(ရိုးရိုး)တစ်တင်းလျှင် ငွေကျပ် ၇၈,၀၀၀၊ ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၈၆၀၀၀ ဈေးနှုန်းများရှိခဲ့ပြီး ယခုကုလားပဲပေါ်ချိန်တွင် ကုလားပဲ (ရိုးရိုး)တစ်တင်းလျှင် ငွေကျပ် ၆၉,၀၀၀၊ ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၇၁,၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

တောင်သူများမှ ကုလားပဲများကို မြို့ပေါ်ရှိပွဲရုံများသို့ သွားရောက်ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄၈၀,၀၀၀ ဝန်းကျင် အကျိုးအမြတ် ရရှိနေသည်။

ကုလားပဲစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အချိန်ကုန် သက်သာခြင်းကြောင့် တောင်သူများ မိသားစုအပိုဝင်ငွေရရှိသော ဆောင်းသီးနှံတစ်မျိုး ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## ဇွန်ပန်းရုံဆီ မပြန်ချင်ပါနှင့် စမ်းချောင်းနီနီ ပြည်တော်အေးအေး စာအုပ်များ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၆**

စာရေးဆရာမမှူး ရေးသား ထုတ်ဝေခဲ့သော ဇွန်ပန်းရုံဆီ မပြန်ချင်ပါနှင့် စမ်းချောင်းနီနီ ပြည်တော်အေးအေး စာအုပ်များ မိတ်ဆက်ပွဲကို မတ် ၁၅ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံ မြို့နယ်၊ ၇၉လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ကောင်းကျော် လက်ဖက်ရည်ဆိုင် အပေါ်ထပ် ရှိ နမ္မတီး အနုပညာပြခန်းတွင် ကျင်းပရာ မန္တလေးမြို့ရှိ စာရေး ဆရာများ၊ သတင်းစာဆရာများ၊ စာပေမိတ်ဆွေများ တက်ရောက် ကြသည်။

အခမ်းအနားတွင် စာရေး ဆရာမ နှင်းဆီအောင်၊ အမျိုးသား စာပေဆုရ စာရေးဆရာ ရဲသျှမ်း၊ အမျိုးသားစာပေဆုရ စာရေးဆရာ ဆူးငှက်နှင့် ဦးမောင်တို့က စာရေး ဆရာမမှူး၏ စာအုပ်များနှင့် ပတ်သက်၍ မှဒီတာစကားများ ပြောကြားကြသည်။ ထို့နောက် စာရေးဆရာမမှူး၏ စာအုပ်များ ထုတ်ဝေခဲ့သော ကုံကော်ဝတ်ရည် စာပေမှ ထုတ်ဝေသူ ဒေါ်ဝိုင်းဝိုင်း က အမှတ်တရစကား ပြောကြား ခြင်းနှင့် စာအုပ်များရေးသားသူ စာရေးဆရာမမှူးက ကျေးဇူးတင် စကား ပြောကြားခဲ့ကြောင်း သိရ သည်။

**(အပေါ်ယာပုံ) (ဝ၄၅)**



## မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း ထုတ်ဝေမည်

**မန္တလေး မတ် ၁၆**

၁၉၂၅ခုနှစ် ဇူလိုင် ၄ ရက် တွင် စတင်တည်ထောင် ဖွင့်လှစ် ခဲ့သော မန္တလေးတက္ကသိုလ် အနှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အဖြစ် ရာပြည့်မဂ္ဂဇင်းကို ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေ မည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်နှင့် ဆက် နွယ်သော ကာတွန်း၊ ကဗျာ၊ အက်ဆေး၊ ဆောင်းပါးနှင့် ဝတ္ထု တို စာမူများကို ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ စီဒီချပ်(Soft Copy)နှင့်အတူ ချမ်းမြသာစည် မြို့နယ်၊ ၇၈လမ်း၊ လေယာဉ်ကွင်း ဟောင်းရှေ့၊ သူရိန်နန်းသို့ လိပ်မူ ၍ ပေးပို့နိုင်သည်။

ဆောင်းပါးနှင့် အက်ဆေးကို A4 စာရွက်ဖြင့် အနည်းဆုံး သုံး မျက်နှာ အများဆုံး ငါးမျက်နှာ၊ ဝတ္ထုတိုအတွက် အများဆုံး ခုနစ် မျက်နှာကို ပြည်ထောင်စုဖောင့် ၁၂ ပွိုင့်ဖြင့် ပေးပို့ရမည်ဖြစ် ကြောင်း သိရသည်။ **(ဝ၄၁)**

ဗလငါးတန်ပွဲ့ဖြိုးဖို့၊
စာအုပ်၊ စာပေ လေ့လာစို့။

## နေကြာ(ဆောင်း)စတင်ရိတ်သိမ်း တစ်ဧက ငွေကျပ် ခုနစ်သိန်းခန့် ဝင်ငွေရရှိ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ဆီထွက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း တောင်သူ များ သီးထပ်သီးညှပ်စိုက်ပျိုးသည့် အပြင် သီးသန့်လည်း စိုက်ပျိုး ကြသည်။ **(အောက်ပုံ)**



၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် နေကြာ(ဆောင်း)ကို ကျောက်ဆည် မြို့နယ်တွင် ၁၀၂၇၄ ဧက၊ စဉ့်ကိုင် မြို့နယ်တွင် ၁၂၁၃၈ဧက၊ မြစ်သား မြို့နယ်တွင် ၅၆၂၇ ဧက၊ စုစု ပေါင်း ၂၈၀၃၉ ဧက စိုက်ပျိုးနိုင် ခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၄၈၇၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄၀၂၀ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၇၅ ဧက၊ စုစုပေါင်း ၁၂၂၇၁ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီး ဌာန၏ စာရင်းများအရ သိရသည်။

နေကြာ(ဆောင်း)စိုက်ပျိုးမှု တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် သုံးသိန်း ကုန်ကြကြောင်း၊ ယခု အချိန်တွင် နေကြာ(ဆောင်း) များ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ် ကြောင်း၊ တစ်ဧက အထွက်နှုန်း အနေဖြင့် ၂၀-၂၅ တင်းခန့်ထွက် ရှိကြောင်း နေကြာစိုက်တောင်သူ များထံက သိရသည်။

နေကြာဈေးနှုန်းများအနေဖြင့် ယခင်နှစ်နေကြာ တစ်တင်းလျှင် ငွေကျပ် ၃၈၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ကျပ်ရှိပြီး ယခုနှစ်တွင် နေကြာ တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀၊ နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ဈေးနှုန်းများဖြင့် ရောင်း ဝယ်လျက်ရှိကြောင်း၊ ယခုအချိန် တွင် နေကြာ(ဆောင်း)များ ရိတ် သိမ်းနေပြီဖြစ်ပါသည်။တောင်သူ များမှ နေကြာများကို မြို့ပေါ်ရှိ ပွဲရုံများသို့ သွားရောက်ရောင်းချ ကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ ရောင်းချကြကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၇၀၀၀၀၀ ဝန်းကျင်ခန့် မြတ် ကြောင်း ကုန်သည်များထံက သိ ရသည်။

နေကြာသီးနှံသည် သက်တမ်း တိုမျိုးဖြစ်ပြီး ကုန်ကျစရိတ် သက်သာ၍ မိသားစုအတွက် လည်း စားသုံးဆီဖူလုံမှုရရှိသဖြင့် တောင်သူများ သီးထပ်သီးညှပ် အပြင် နေကြာသီးသန့်အနေဖြင့် ပါ အများအပြား စိုက်ပျိုးသင့် သော စီးပွားရေးတွက်ခြေကိုက် သည့် သီးနှံတစ်မျိုးဖြစ်သည်။

ဆီထွက်သီးနှံ နေကြာကို တိုးမြှင့်စိုက်ပျိုးခြင်းဖြင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချ နိုင်ကာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ကျစေနိုင်ကြောင်း သိရ သည်။ **(မန္တလေးနေ့စဉ်-၆)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## နိုင်ငံ့ဇာနည်. . . တို့စစ်သည်

* တိုင်းပြည်နိုင်ငံ၊ ကာကွယ်ရန်ဟု
မိဋ္ဌာန်ချမှတ်၊ သက်နှင်းအပ်လျက်
မြင့်မြတ်စိတ်ထား၊ စွမ်းပကားနှင့်
ရန်များဖယ်ခွာ၊ အောင်မြင်စွာလျှင်
မြန်မာပြည်သား. . . ပီသသူ. . . ။

* စပါးဆန်ရေ၊ သီးနှံတွေနှင့်
ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပြည့်ဖြိုးလျှံသား
သယံဇာတ၊ ပေါပြည့်ဝသည့်
မြန်မာ့ ရေ၊ လေ၊ ဘိုးဘွားမွေဟု
တို့တွေပိုင်ပြား၊ တို့မြေများကို
စွန့်စွန့်စားစား စောင့်ရှောက်သူ. . . ။

* ရှင်ကြည်စိတ်ထား၊ မုန်းမပွားဘဲ
အများကောင်းကျိုး၊ ရှုက်သည်ပိုးကာ
မြတ်နိုးစေတနာ၊ မှန်ကန်စွာဖြင့်
မြန်မာပြည်ကို ကာကွယ်သူ. . . ။

* မြန်မာ့တပ်မတော်၊ ဂုဏ်ထူးကျော်လျက်
ထင်ပေါ်စွမ်းအား၊ လုံ့လများနှင့်
စိတ်ထားမှန်စွာ၊ ပြည်မြန်မာအား
ဝေဆာမြတ်နိုး၊ တိုးတက်ဖြိုး၍
ကိုယ်ကျိုးမငဲ့ စွမ်းဆောင်သူ. . . ။

* နှစ်ပေါင်းရှစ်ဆယ်၊ ပြည့်စုံကြွယ်၍
ရင်ဝယ်သစ်လွင်၊ မြတ်နိုးကြင်ကာ
ချစ်ခင်နှလုံး၊ အပြုံးမျက်နှာ
ဖြူစွာစိတ်ထား၊ ပွားများမေတ္တာ
သဒ္ဒါမြတ်နိုး၊ စေတနာမိုးနှင့်
ပြည့်အကျိုးကို၊ သည်ပိုးသက်နံ
ကာကွယ်ရန်ဟု၊ မိဋ္ဌာန်လေးချက်
ဦးထိပ်ရွက်၍၊ မပျက်စေရ
ကြိုးလုံ့လနှင့်၊ ဝီရိယခွန်အား
စွန့်ကြိုးစားမည့်
အမျိုးသားနိုင်ငံ့ တပ်မတော်. . . ။
ပြည်သူများ၏ စစ်သည်ကျော်. . . ။ ။

**(နှစ် ၈၀ ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုပါသည်)**

သျှင်သစ္စာ

# စာဖတ်ခြင်းပညာ၊ ပညာရေးနှင့် ခေါင်းဆောင်များ၊ ပညာရှင်များ၏ အမြင်အတွေး ကောက်နုတ်ချက်များ

'ကမ္ဘာ့ဆရာများနေ့'နှင့် ပတ်သက်ပြီး ယင်းနေ့ မြန်မာ့အလင်းသတင်းစာပါအကြောင်း အရာများကိုလည်းကောင်း၊ မြန်မာ့အလင်း သတင်းစာပါ **'ကမ္ဘာ့ဆရာများနေ့'**အကြို ဂုဏ်ပြုဆောင်းပါးဖြစ်သည့် **'ကျောင်းဆရာဆို တာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူ များပါ'**ဆိုသည့် ဆောင်းပါးကို ဖတ်ရှုခဲ့ရသည့် အတွက်လည်းကောင်း စာရေးသူ၏ စိတ်အစဉ် တွင် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံနှင့်ယှဉ်ပြီး ပညာနှင့်ပတ်သက်သော အတွေးပေါင်းများစွာက စိုးမိုး၍ နေပါတော့သည်။

အကြောင်းအရာတွေက များလှသည်။ 'စာ ဖတ်ခြင်းနှင့် ဗဟုသုတ၊ ဗဟုသုတနှင့် အသိ အလိမ္မာ၊ ကျောင်းစာသင်ခန်းမှ ပေးသော စာရိတ္တနှင့် စာဖတ်ရာမှ ရသော၊ ပတ်ဝန်းကျင် မှ ရသော အသိအလိမ္မာ၊ ပညာဟူသည်နှင့် မိမိတို့နိုင်ငံ လူငယ်များကြားရှိ ပညာရေးလမ်း ကြောင်း စသည်ဖြင့်'။ သို့ဖြစ်ရာ ခေါင်းစဉ် တစ်ခုကိုပင် ခြုံမိငုံမိစေရန် ရှင်းလင်းရေးသား ဖို့ရာ များပြားလွန်းသည့် အခြံအရံ အချက် အလက်များက ဝေဆာလွန်းလှသည်။ သို့ အတွက် ယင်းအချက်အလက်အားလုံးကို ခြုံငုံ ထင်ဟပ်စေသော ခေါင်းဆောင်အချို့၊ ပညာရှင် အချို့တို့၏အမြင် ကောက်နုတ်ချက်များကိုသာ ထုတ်နုတ်ဖော်ပြလိုက်ရပါသည်။

အထက်ဖော်ပြပါ အကြိုဂုဏ်ပြုဆောင်းပါး တွင် ဆောင်းပါးရှင်ဒေါက်တာမောင်သင်းက **'ပညာရေးသည် လူမှုအဖွဲ့အစည်း ရှင်သန်မှု၏ ဝိညာဉ်ပါပဲ။'** လူတစ်ဦးချင်းမှသည် လူ့အဖွဲ့ အစည်းအားလုံး၏ ဖွံ့ဖြိုးမှု မဏ္ဍိုင်ပါ။ **'လူသား တို့၏ မွေးရာပါအရည်အသွေးကောင်းတွေကို ပိုမိုဖွံ့ဖြိုးအောင်၊ ထက်မြက်လာအောင် လေ့ကျင့် ပေးသည့်လုပ်ငန်းပါ'**ဟု ရေးသားထားသည်ကို စာဖတ်သူတို့ ယခုဖတ်ရှုအပြီးတွင် ပညာရေး သည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအုတ်မြစ်ဖြစ်၍နေသည်ကို ထင်သာမြင် သာရှိသွားမည်ဖြစ်သည်။

ပညာဟူသည်ကား အတိုင်းအဆမဲ့ဗ ဖြစ်သည် လောကနှင့်ယှဉ်၍ စဉ်းစားကာ ချဲ့ရင် ချဲ့သလောက် နယ်ပယ်ကျယ်ဝန်းလှသည်။ လောကနယ်ပယ်၌ လူ့လောက လောကီရေးနယ် ပယ်ရှိသလို လောကအပြင်ဘက်နှင့်ဆိုင်သော လောကုတ္တရာနယ်ပယ်ကလည်း ရှိသေးသည်။ နယ်ပယ်နှစ်ခုလုံးတွင် ပညာသည် လူတစ်ယောက် နှင့် ဥပမာပေးရလျှင် လူ၏ ဦးခေါင်းပိုင်းနှင့် တူသည်။ အရေးပါသော ဦးဆောင်ရသော အပိုင်းများကို လုပ်ရသည်သာဖြစ်၏။ ဤနေရာ တွင် ဒေါက်တာခင်မောင်ညိုရေးသော**'ပညာလို သံမှိုနက်သလိုပ'**(ပညာရေးအတွေးဆောင်းပါး များ)စာအုပ်အဖွင့်တွင် ဖော်ပြထားသည့် မြတ်စွာ ဘုရားရှင်ကို နတ်သားတစ်ပါးက မေးလျှောက် ၍ ဘုရားရှင်က ပြန်ဖြေတော်မူသည့် **'ပညာဆို တာ ရတနာ'**ကို ဖော်ပြပေးပါမည်။

နတ်သားက-**'ကိံသုနရာနံ ရတနံ'၊ 'အရှင် ဘုရား လူတွေရဲ့ ရတနာဟာ ဘာပါလဲ။'**

မြတ်စွာဘုရားရှင် ပြန်ဖြေပုံက **'ပညာ နရာနံ ရတနံ'။ 'ပညာသည် လူတို့၏ ရတနာ ပါပဲ'**တဲ့။ တစ်နည်းအားဖြင့် 'ဉာဏ်ပညာခတ် ဟာ ရတနာပါပဲ'တဲ့။

ဒေါက်တာခင်မောင်ညိုသည် အထက်ပါ နတ်သားနှင့်ဘုရားရှင်အမေးအဖြေကို ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ(သက္ကရာဇ်-၁၃၀၃)ကလေးဝ တောရကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ရေးသော လယ်တီဝိပဿနာစတုတ္ထတွဲမှ ထုတ် နုတ်တင်ပြထားခြင်း ဖြစ်သည်။

စာရေးသူအပါအဝင် စာဖတ်သူအားလုံးလိုလို သည် ငယ်စဉ်ကပင် ကျောင်းတက်ချင်သည်ဖြစ် စေ၊ မတက်ချင်သည်ဖြစ်စေ ငါးနှစ်၊ ခြောက်နှစ် အရွယ်ရောက်တာနဲ့ ဖြူစိမ်းဝတ်ကာ ကျောက် သင်ပုန်း၊ ကျောက်တံနှင့် သင်ပုန်းကြီးစာအုပ်ဖြင့် လွယ်အိတ်လေးလွယ် ကျောင်းတက်ခဲ့ကြရသည်။ ယခုလည်း ဤအတိုင်းပါပင်။ Pre School တို့ မူကြိုတို့ ပေါ်လာပြီး သုံးနှစ်ရွယ်လောက်ကပင် ကျောင်းသား၊ ကျောင်းသူလေးတွေ ကျောပိုးအိတ် ကိုယ်စီနှင့် အများစုကလေးတွေ ကျောင်းတက်ကြ ရသည်။ ဘာကြောင့်ပါလဲ။ မိဘတွေက အစ်ကို ကြီး၊ အစ်မကြီးတွေက **'နင်တို့ ပညာတတ်မှ လူရာဝင်မှာ၊ ပညာတတ်မှ ဘွဲ့ကောင်းကောင်းရမှ အလုပ်ကောင်းကောင်းရ၊ ဝင်ငွေကောင်းမှာ၊ ကျောင်းမှန်မှန်တက်ကြ၊ စာကြိုးစားကြ'**ဟု တဖွဖွ မှာခဲ့ကြသည်။ မိဘတွေ မိသားစုကို ထမင်း၊ ဟင်းအတွက်၊ ကျောင်းစရိတ်အတွက် ဘယ်လို ရှာလဲ။ ဘယ်လို အခက်အခဲရှိလဲ။ လေး၊ ငါးတန်း အထိ စာရေးသူတို့ မစဉ်းစားမိခဲ့ပါ။ အချိန်တန် ထမင်းစား၊ လွယ်အိတ်လွယ် ကျောင်းသွား၊ စာ သင်၊ စာအံ၊ ဆော့စရာရှိ ဆော့၊ ပြန်လာ ထမင်း စား၊ မောမောနဲ့ အိပ် ဒီလိုနဲ့ပဲ ကျော်ဖြတ်ခဲ့သည်။ ကိုးတန်း၊ ဆယ်တန်းအထိပင် ပညာရေးတို့၊ Knowledge တို့၊ Education နဲ့ လူမှုနယ်ပယ် တို့ကို ရှည်ရှည်ဝေးဝေး မစဉ်းစားတတ်ခဲ့ပါ။

**ခေတ်ပြောင်းခဲ့ပြီ**

စာရေးသူတို့ မွေးဖွားတဲ့အချိန်က ၂၀ ရာစု အလယ်သာသာလောက်က ဆယ်တန်းအောင်၊ အလုပ်လုပ်တော့လည်း ၂၀ ရာစုထဲမှာ။ ခု တက္ကသိုလ်ကျောင်းသား တက်နေသူများထိက ၂၁ ရာစုထဲ မွေးဖွားကြီးပြင်းလာခဲ့ကြသူတွေ။ ၂၁ ရာစုသည် ပညာခေတ် Knowledge age၊ သတင်းခေတ် Information age ဖြစ်၍နေပြီ။ နည်းပညာနှင့်ကင်း၍ ဘယ်လိုမှ ရပ်တည်မရသည့် ခေတ်ဖြစ်နေပေပြီ။** အသိပညာ၊ နည်းပညာ၊ အတတ်ပညာပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံနှင့်ဆိုင် သည့် အချက်အလက် Data များကို စာရေးသူတို့ တုန်းကလို စာကြည့်တိုက်သွား၊ စာအုပ်တွေထဲ မွှေနှောက်ရှာစရာမလို၊ လက်ဝါးသာသာ ဖုန်းလေး တစ်လုံးထဲမှာပင် ကမ္ဘာကုန်ကျယ်သရွေ့ ရှာဖွေ လေ့လာနိုင်ပြီဟု ဆိုနိုင်ပါသည်။

> "ပညာရေးသည် လူမှုအဖွဲ့အစည်း ရှင်သန်မှု၏ ဝိညာဉ်ပါပဲ။" လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်း အားလုံး၏ ဖွံ့ဖြိုးမှုမဏ္ဍိုင်ပါ။ "လူသားတို့၏ မွေးရာပါ အရည်အသွေးကောင်းတွေကို ပိုမိုဖွံ့ဖြိုးအောင်ထက်မြက် လာအောင် လေ့ကျင့်ပေးသည့်လုပ်ငန်းပါ"ဟု ရေးသား ထားသည်ကို စာဖတ်သူတို့ ယခုဖတ်ရှုအပြီးတွင် ပညာ ရေးသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုး တက်မှုတွင် အခြေခံ အုတ်မြစ်ဖြစ်၍နေသည်ကို ထင်သာမြင်သာရှိသွားမည် ဖြစ်သည်။

သို့ပေသည့် Knowledge ရှိချင်ရင် ပညာ ဗဟုသုတကို ကိုယ်ပိုင်ဖြစ်ချင်လျှင် ဖုန်းထဲမှာ Data တွေ ရှိနေရုံနဲ့မရပါ။ စာအုပ်တွေ အများ ကြီးဝယ်စုကာ စာအုပ်စင်တွေပေါ်မှာ ရှိနေရုံနဲ့ မရပါ။ မိမိတို့ကိုယ်စီခေါင်းထဲမှာ၊ ဦးနှောက်ထဲမှာ၊ အသိထဲမှာ ရှိနေဖို့ လိုသည်။ သို့တည်းမဟုတ် (Phone, Tablet, Note)မှာ ခေါင်းစဉ်တွေ ခွဲ၍ မှတ်သားထားရမည်။ မိမိသွားတိုင်း ပါနေသည့် အိတ်ထဲမှ (Hand Note Book )ထဲမှာ ရှိနေဖို့ လိုသည်။ မိမိတို့၏ မှတ်သားနိုင်မှု ဦးနှောက် Memory မှတ်ဉာဏ်သည် အချိန်ကာလတစ်ခုထိ သာမှတ်သားထားပေးနိုင်မည်။ မေ့သွားတဲ့အချိန် မှာ သုံးနိုင်ဖို့ Note Book ထဲမှာ အဆင်သင့် ရှိနေရပါမည်။

ယင်းနှင့်ပတ်သက်၍ အဆိုအမိန့်တစ်ခုကို ရေးပြရတော့မည်။ ရေးခဲ့သူက 'ဘေကွန်'။ သူ က ပြောသည်။ 'ရေးမှတ်ခြင်းသည် လူသေချာ ဖြစ်စေသည်။' ဤစာတစ်ကြောင်းသည် စာရေးသူ အတွက် စတင်ဖတ်လိုက်ရသည့်အချိန်မှ ယနေ့ အချိန်ထိ (apply)လုပ်ဖြစ်သည်။ စာကောင်းပေ မွန်(good lieuterature)တွေကို များများရှာဖတ် သည်။ ပြီးရင် မှတ်စုတွေထဲရေးသည်။ By heart ကျက်သင့်တာတွေ မှတ်သည်။ စာရေးသူတို့၏ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဖိသုကာ ရှင် ဗိုလ်ချုပ်က ပြောဖူးသည်။ ဒါလည်း ရေးမှတ် ထားလိုက်သည်။ လောကဆိုတဲ့ စာသင်ကျောင်း တဲ့။ **'လူဟူသည် မွေးလာ၍ ပုခက်ထဲ ရောက် သည့်အချိန်မှ သေ၍ အခေါင်းထဲရောက်သည်အထိ လောကဆိုတဲ့ စာသင်ကျောင်းမှာ စာသင်သားတွေ ချည်းပါပဲ'**တဲ့။

ဒီတော့ စာရေးသူအပါအဝင် ကျွန်တော်တို့ မြန်မာ့လူဘောင်က လူငယ်၊ လူကြီး၊ ကလေးအား လုံးသည် ပညာရေးသည် ဆယ်တန်းအောင်ပြီးချိန်၊ ဘွဲ့တစ်ခုခု ရပြီးချိန်တွင် ဆုံးခန်းတိုင်သွားခြင်း၊ မရှိဆိုသည်ကို အခိုင်အမာသိထားဖို့ လိုလေသည်။ မြန်မာစာပေနယ်ပယ်မှ ကျေးဇူးရှင်စာပေ ပညာ ရှင်၊ အတွေးအခေါ်ပညာရှင်ကြီးများ၊ စာရေးသူ တို့၏ အမိအဖဆရာရင်းသမားရင်းများ ဖြစ်ကြ ပါသော သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးတက် တိုး၊ ဆရာကြီး ရွှေဥဒေါင်း၊ ဇန်းမော်ညိုနွံ့၊ ဆရာကြီး ဦးဆန်းလွင်၊ ဆရာကြီး သုခမိန်လှိုင်၊ ဆရာကြီး လူထုဦးလှ၊ ဆရာမကြီး ဒေါ်အမာ၊ ဆရာကြီး မင်းယုဝေ၊ ဆရာမကြီး ငွေတာရီ၊ ဆရာကြီး ဦးခင်မောင်တင် စသည် စသည်ဖြင့် စာပေအကျော်အမော်ပညာရှင်များစွာ (စာရေး သူ ရုတ်တရက် အမည်မမှတ်မိသည် များစွာ ရှိပါသည်)ရှိခဲ့ပါသည်။ သူတို့သည် သူတို့၏ ဖတ်မှတ်လေ့လာအား၊ သူတို့ရဲ့ အတွေးစိတ်ကူး စိတ်သန်းကောင်းများစွာ၏ အား၊ သူတို့၏ စေတနာဆန္ဒအားများစွာ ရင်းနှီးပေးဆပ်ကာ မြန်မာစာဖတ်သူ ပရိသတ်ကို စိတ်ဓာတ်ခွန်အား တွေ၊ နှလုံးသားအာဟာရတွေ ပေးခဲ့ကြသည်။ သူတို့၏စာပေများဖြင့် စာရေးသူတို့ လူတစ်လုံး သူတစ်လုံး ဖြစ်ခဲ့ကြပါသည်။ ကျေးဇူးအနန္တ ထိုက်တန်သူများသည် စာရေးဆရာကြီးများဟု ပင် မော်ကွန်းကမ္ပည်းထိုးလိုက်ပါသည်။

စာရေးဆရာကြီးများသည် သူတို့၏ကလောင် စွမ်းဖြင့် စာဖတ်သူကျွန်တော်အပါအဝင် မြန်မာ တစ်မျိုးသားလုံးကို စိတ်ဓာတ်ခွန်အားများပေး သည်။ သုတ၊ ရသများစွာကို ပေးသည်။အတွေး ပေါင်းများစွာကို ပေးသည်။ ဘဝလမ်းကောင်း ကို လျှောက်လှမ်းရန် ကာယ၊ ဉာဏသတ္တိ၊ လက် ရုံးရည်၊ နှလုံးရည်ကောင်းများစွာကို ပေးခဲ့ကြ ပါသည်။

စာရေးသူ၏ မှတ်စု၊ စာရေးဆရာ၊ အတွေး အခေါ်ပညာရှင်များစွာ၏ စာပေများထဲမှ အချက်အချို့ဖြင့် အချုပ်တင်ပြရလျှင် -

'knowledge is power'

'Good lieuterature should be cultivate'

'Education for all'

'Love of three'

they are love of goodness, love of knowlege, love of truth.

စာရေးသူတန်ဖိုးထားသော ဤစာသား လေးများသည် စာရေးသူအတွက် ဘဝတစ်လျှောက် လုံးအတွက် ဘဝခွန်အားများဟုပင် ပြောချင် ပါတော့သည်။

> စာရေးဆရာကြီးများသည် သူတို့၏ကလောင် စွမ်းဖြင့် စာဖတ်သူ ကျွန်တော်အပါအဝင် မြန်မာ တစ်မျိုးသားလုံးကို စိတ်ဓာတ်ခွန်အားများ ပေးသည်။ သုတ၊ ရသများစွာကို ပေးသည်။ အတွေးပေါင်း များစွာကို ပေးသည်။ ဘဝလမ်းကောင်းကို လျှောက် လှမ်းရန် ကာယ၊ ဉာဏသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည် ကောင်းများစွာကို ပေးခဲ့ကြပါသည်။

**ရေချမ်းမန်း**

# ဆိုလာစွမ်းအင်မြှင့်တင် သုံးစွဲနိုင်ရေး



မြန်မာနိုင်ငံအတွက် အရေးကြီးလှသည့် ရည်မှန်းချက်တစ်ခုဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုများကို အလျင်အမြန်နှင့် တက်သုတ်ရိုက်၍ တည်ဆောက်ရန်လည်း လိုအပ်နေသည်။ ထို့အတွက် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် သဘာဝဓာတ်ငွေ့ရည်သုံး တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးများကိုရော ဆိုလာကဲ့သို့ မတည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကိုပါ ရနိုင်သမျှ တိုးချဲ့တပ်ဆင်ပေးရန် လိုအပ်နေသေးခြင်းလည်း ဖြစ်သည်။ တစ်ချိန်တည်းတွင် တိုးပွားများပြားလာသည့် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် သုံးစွဲမှုများကို တည်ငြိမ်ချောမွေ့စွာ စီမံထိန်းချုပ်နိုင်မည့် နည်းပညာမြင့်မားသည့် ထိန်းချုပ်မှုစနစ်များဖြင့် "စမတ်ဂရစ် ခေါ် ကွန်ရက်မြင့်" တစ်ခုဖြစ်လာရန်အတွက်လည်း မြှင့်တင်ပြောင်းလဲပေးရန် လိုအပ်နေသေးသည်။

အချိန်နှင့်အမျှ ပြောင်းလဲကာ အတက်အကျများဖြင့် ထုတ်လုပ်ရရှိသဖြင့် တည်ငြိမ်မှုမရှိသည့် ပြန်ပြည့်မြဲစွမ်းအင်သစ်များကို ကွန်ရက်အတွင်း ချောမွေ့စွာအသုံးပြုနိုင်ရန်အတွက် တည်ငြိမ်မှုရှိစေရန်အပြင် အချိန်ရွှေ့အသုံးချနိုင်ရန်အတွက် ဘက်ထရီနှင့် အလားတူ ပုံစံအမျိုးမျိုးရှိသည့် စွမ်းအင်သိုလှောင်မှုစနစ်များ တပ်ဆင်အသုံးပြုရန် လိုအပ်သည်။ အချိန်တစ်ခုတွင် ပိုနေသည့် ဓာတ်အားများကို လိုအပ်မည့် အချိန်များသို့ အချိန်ရွှေ့ အသုံးချရန် စွမ်းအင်သိုလှောင်မှုစနစ်များကို အသုံးပြုခဲ့ကြရာတွင် ရေစုပ်လှောင်ရေအားလျှပ်စစ်ထုတ်စနစ်များမှာ ယနေ့အထိ အကျိုးအဖြစ်ဆုံးနှင့် တပ်ဆင်သုံးစွဲမှု အများဆုံး ဖြစ်နေဆဲဖြစ်သည်။ အခြားစွမ်းအင်သိုလှောင်မှု နည်းလမ်းပေါင်းများစွာကို အသုံးပြုလျက်ရှိပြီး ယနေ့အချိန်တွင် လစ်သီယန်ဘက်ထရီသုံး စွမ်းအင်သိုလှောင်မှုစနစ်များကို ပိုမိုတွင်ကျယ်စွာ တပ်ဆင်အသုံးပြုလာလျက်ရှိနေသည်။ အခြားစွမ်းအင်သိုလှောင်မှုများထက် ပိုမိုမြန်ဆန်သည့် ဘက်ထရီစနစ်များ၏ တုံ့ပြန်မှုများကြောင့် ယင်းတို့ကို စွမ်းအင်သိုလှောင်မှုအတွက်သာမက ဓာတ်အားကြိမ်နှုန်းကဲ့သို့သော ဓာတ်အားအရည်အသွေးထိန်းညှိရာတွင်ပါ ကျယ်ပြန့်စွာ သုံးစွဲလာလျက်ရှိနေကြသည်။ ထိုသို့သော အကျိုးဖြစ်မှုများကြောင့် ဈေးသက်သာသည့် နေအားနှင့်လေအား ပြန်ပြည့်စွမ်းအင် တပ်ဆင်သုံးစွဲမှုများ ကျယ်ပြန့်တိုးပွားလာသည်နှင့်အမျှ စွမ်းအင်သိုလှောင်မှုစနစ်များကို မဖြစ်မနေတပ်ဆင်ပေးရန် လုပ်ဆောင်လာကြရာမှ စွမ်းအင်သိုလှောင်မှုသည် ခေတ်မီကွန်ရက်မြင့်လျှပ်စစ်ဓာတ်အားစနစ်များ၏ ခွဲမရသည့် အစိတ်အပိုင်းများ ဖြစ်လာကြသည်။

နောက်ထပ် ဖွင့်လှစ်ရန် ကျန်သေးသည့် ဆိုလာစွမ်းအင်များ လိုအပ်နေသေးသဖြင့်လည်း မြန်မာနိုင်ငံအတွင်း "ကွန်ရက်ချိတ်စနစ်" နှင့် "ကွန်ရက်ပြင်ပစနစ်" နှစ်မျိုးလုံးအတွက် ဆက်လက် ဖွင့်လှစ်ရမည့် ဆိုလာတံခါးများကို ဆက်လက် ဖွင့်လှစ်သွားရမည်လည်း ဖြစ်သည်။ ကွန်ရက်ချိတ်စနစ်တွင်၊ မိမိတို့အိမ်၊ အလုပ်ရုံ၊ ရုံး၊ ကျောင်း စသည့် အဆောက်အအုံများတွင် ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများသို့ "တရားဝင်" ချိတ်ဆက်ခွင့်ပြုပေးခြင်းဖြင့် ကိုယ်ပိုင်ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်းကို လက်ခံကာ ပိုလျှံဓာတ်အားများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူခြင်းက ဓာတ်အားကွန်ရက်၏ ထုတ်လုပ်မှုလိုအပ်ချက်ကို လျှော့ချပေးနိုင်ပြီး လူတိုင်း ပြန်လည်ပြည့် ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သုံးစွဲမှုကို တိုးမြှင့်အားပေးရာ ရောက်စေမည် ဖြစ်သည်။ ဤသို့ပြုလုပ်ရန်အတွက်လည်း နည်းလမ်းနှစ်ခု ရှိနေသည်။

ပထမနည်းလမ်းမှာ "ဓာတ်အားပေးသွင်းမှု ဈေးနှုန်းသတ်မှတ်ချက်" ကို ဓာတ်အားကွန်ရက်က ထုတ်ပြန်ထားပေးပြီး ယင်းကို ဆိုလာစနစ် တပ်ဆင်အသုံးပြုမည့်သူက သဘောတူလက်ခံကာ၊ မိမိတို့အိမ်၊ အလုပ်ရုံ၊ ရုံး၊ ကျောင်း စသည့် အဆောက်အအုံများတွင် ကိုယ်ပိုင်ကွန်ရက်ချိတ် ဆိုလာလျှပ်စစ်ဓာတ်အား တပ်ဆင်သုံးစွဲခြင်း ဖြစ်သည်။ ဤနည်းတွင် ကိုယ်ပိုင်ဆိုလာလျှပ်စစ်ကို ဘက်ထရီမလိုဘဲ ထုတ်ယူသုံးစွဲနိုင်ပြီး သုံးစွဲရာတွင် ထပ်မံလိုအပ်လျှင် ဓာတ်အားလိုင်းမှ ရယူသုံးစွဲနိုင်ပြီး ပိုလျှံနေလျှင်လည်း ပိုနေသည့်ဓာတ်အားများကို ဆွဲဆောင်မှုရှိသည့် ဈေးနှုန်းဖြင့် ကွန်ရက်က ပြန်လည်ဝယ်ယူခြင်းဖြင့် ဆိုလာစွမ်းအင် ထုတ်လုပ်သုံးစွဲမှုကို တိုးမြှင့်အားပေးရာတွင် နိုင်ငံအများက လက်ခံကျင့်သုံးအောင်မြင်နေသည့် နည်းလမ်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒုတိယနည်းလမ်းမှာ ပထမနည်းလမ်းကဲ့သို့ပင် ကိုယ်ပိုင်ဆိုလာလျှပ်စစ် တပ်ဆင်သုံးစွဲ ဝယ်ယူရောင်းချသည့် နည်းလမ်းဖြစ်ပြီး တပ်ဆင်ထားသည့် နှစ်ဖက်လည် နှစ်လမ်းသွား မီတာတွင် တစ်လ သို့မဟုတ် သတ်မှတ်သည့် ကာလတစ်ခုအတွင်း ဓာတ်အားဝယ်ယူမှုနှင့် ရောင်းချမှုတို့အကြား လည်ပတ်သည့် မီတာခြားနားချက်အပေါ် ငွေပေးချေရသည့် နည်းလမ်းဖြစ်သည်။

ထို့ပြင် ကွန်ရက်ပြင်ပတွင် ရေရရှိရေးအတွက် ဆိုလာစွမ်းအင်အသုံးချမှုကို မြှင့်တင်ပေးခြင်းက ဇရာဝတီမြစ်ဘေးတွင် နေထိုင်ရင်း ရေရရှိရန် ခက်ခဲနေကြသည့် မိုးနည်းခြောက်သွေ့ဒေသနေ လူထု၏ လူမှုဘဝများကို မြှင့်တင်ပေးပြီး၊ စိုက်ပျိုးရေးတွင် မိုးရွာမှုအပေါ် အပြည့်အဝမှီခိုနေရခြင်းကို လျှော့ချပေးကာ စိုက်ပျိုးရေးအခြေခံ စီးပွားဖွံ့ဖြိုးမှုများကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည့်အပြင် အပူပိုင်းဒေသ ပြန်လည်စိမ်းလန်းရေးကိုလည်း အားဖြည့်ပေးနိုင်မည် ဖြစ်သည်။ လက်ရှိနှုန်းဖြင့် ဖြစ်ထွန်းနေသည့် ဆိုလာစွမ်းအင်သုံး ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အားပေးမြှင့်တင်ပေးခြင်းဖြင့် အရေးကြီးလှသည့် နောက်ထပ်ဆိုလာတံခါးကြီးတစ်ချပ်ကို ကျယ်ပြန့်စွာ ဖွင့်လှစ်ပေးရန် လိုအပ်နေဆဲလည်း ဖြစ်သည်။

ယခုအခါ ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အမြန်တည်ဆောက်နိုင်ရန် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ပြီဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်လာသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဆွေးနွေးပြောကြားမှုကို ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရန် ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရန် တိုင်းနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ် သုံးစွဲရန် မသင့်လျော်သည့် နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ရမည်ဟု မှာကြားခဲ့ပါသည်။

ထိုသို့ စိစစ်ဖော်ထုတ်ပြီးပါက ယင်းမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက MSME လုပ်ငန်းများ၌ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပါက လုပ်ဆောင်ပြီး (၃)နှစ်တာ ကာလအတွင်း အရင်းကြေကာလသို့ ရောက်ရှိ နိုင်မည်ဟု ဆွေးနွေးပြောကြားခဲ့သည်။

ထို့ကြောင့် တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် MSME လုပ်ငန်းများအား ဆိုလာစနစ်အသုံးပြု၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အသိပညာပေးရမည်ဟုလည်း ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့ ကျယ်ပြန့်စွာ အသုံးပြုလာနိုင်သည့် ဆိုလာနှင့်စပ်လျဉ်း၍ Solar Panels မီးလောင်ခြင်း ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများကိုလည်း ဖော်ပြပေးလိုပါသည့် အကြောင်းအရင်းများမှာ အောက်ပါအချက်များ ဖြစ်နိုင်ပါသည်-

**(၁) Overheating (အပူလွန်ကဲမှု)**

- အရင်းအမြစ် : Solar panel များတွင် အပူထိန်းညှိမှုမရှိပါက ပေါင်းကူးမှုများ (hot spots) ဖြစ်နိုင်ပြီး အပူလွန်ကဲမှုကြောင့် မီးလောင်မှုများ ဖြစ်ပေါ်နိုင်သည်။

- Panel များကို လေကောင်းလေသာနေရာတွင် မတပ်ဆင်ခြင်းကြောင့် အပူလွန်နိုင်သည်။

**(၂) Electrical Faults (လျှပ်စစ်မတော်တဆမှု)**

- ဘက်ထရီ(သို့မဟုတ်) Inverter များမှ လျှပ်စစ်တပ်ဆင်ခြင်း အလွဲအမှား ဖြစ်ပေါ်နေမှုကြောင့် ဆားကစ်မီးလောင်မှု ဖြစ်နိုင်သည်။

- ချိတ်ဆက်မှုမပြည့်စုံမှု : Panel ကြားဖြင့် Cables နှင့် Connectors မမှန်ကန်ခြင်းကြောင့် Short Circuit ဖြစ်နိုင်သည်။

**(၃) Poor Quality Materials**
**(အရည်အသွေးမကောင်းသောပစ္စည်းများ)**

- Low-quality Solar Panels : အပူဒဏ်မခံနိုင်သော ပစ္စည်းများမှ Panel များ ပြုလုပ်ထားပါက မီးလောင်နိုင်သည်။

- Faulty Connections: အနိမ့်အရည်အသွေး connectors (သို့မဟုတ်) junction boxes များကြောင့် သွေးဆောင်မီးလောင်မှုဖြစ်နိုင်သည်။

**(၄) External Factors (ပြင်ပအကြောင်းရင်းများ)**

- ကြွက်သို့မဟုတ်တိရစ္ဆာန်များ : Solar panel wires ကို ကုတ်ခြင်း၊ ဖြတ်ခြင်းကြောင့် short circuit ဖြစ်နိုင်သည်။

- မိုးလေဝသဒဏ်များ၊မိုးကြီးများပြီးနောက် panel များအတွင်း ရေဝင်ပြီး လျှပ်စစ်စနစ် ချို့ယွင်းစေနိုင်သည်။

**(၅) Improper Installation**
**(တပ်ဆင်မှားယွင်းမှု)**

- တပ်ဆင်သူ၏ အတွေ့အကြုံမရှိမှု : Connection မမှန်ကန်သောအခါမှာ လျှပ်စစ်ကိရိယာများ ပျက်စီးမီးလောင်နိုင်သည်။

- Panel Spacing မရှိခြင်း : Panels များအကြား လေဝင်လေထွက်မရှိလျှင် အပူလွန်ကဲမှုများ ဖြစ်နိုင်သည်။

သို့ဖြစ်ရာ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရပါမည်။

(၁) Solar Panel များကို တပ်ဆင်မှုအချိန်တွင် သေချာစစ်ဆေးပါ။

(၂) Panel များအတွက် လေကောင်းလေသာနေရာတွင် တပ်ဆင်ပါ။

(၃) မီးလောင်မတားဆီးနိုင်စေရန် လျှပ်စစ်သွယ်တန်းမှုများကို ကြိုတင်စစ်ဆေးပါ။

(၄) အရည်အသွေးမြင့်သော ပစ္စည်းများကိုသာ အသုံးပြုပါ။

အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- လုပ်ငန်းသမား လျှပ်စစ်နည်းပညာရှင်များကို ခေါ်ပြီး system တစ်ခုလုံးကို စစ်ဆေးပါ။

- ပြုပြင်ခြင်း မီးလောင်နေသော panel များကို စနစ်တကျ ပြန်လဲရမည်။

အမှန်တကယ် သီအိုရီတွေ လိုက်နာပြီး တပ်ဆင်၍ သုံးတဲ့ပစ္စည်းက အရည်အသွေးမှန်လျှင် မီးလောင်နိုင်ခြေ သုည နီးပါးဖြစ်ပါသည်။ သို့သော် တချို့ဆိုလာတွေက ခေတ်ကိုအမီ ဈေးကွက်ထဲ ဝင်ချလာတာဖြစ်ပါသည်။ ဆိုလာရုပ်ထွက်ရင်ပြီးရောဆိုသည့် ဆိုလာများသည် အန္တရာယ်ရှိပါသည်။

အချုပ်အားဖြင့်ဆိုသော် ဆိုလာနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသည်ဖြစ်ရာ အဆိုပါပစ္စည်းများတင်သွင်းရာတွင် အခွန်အခနှုန်းထားများကို လျှော့ချသတ်မှတ်ပေးခြင်း၊ ဆိုလာတပ်ဆင်မှုဈေးနှုန်းများကို နိုင်ငံတော်မှ သတ်မှတ်ထိန်းချုပ်ပေးခြင်းဖြင့် ဒီဇယ်(သို့မဟုတ်)ဓာတ်ဆီဖြင့် မောင်းနှင်နေသော ရုပ်ကြွင်းလောင်စာသုံး အသံဆူညံသည့် မီးစက်မောင်းနှင်မှုများကို လျှော့ချနိုင်လာပြီး အစိမ်းရောင်စီးပွားရေးစနစ် အထူးသဖြင့် ဆိုလာစွမ်းအင်ဖြင့် စီးပွားရေးလုပ်ဆောင်ခြင်းကို နိုင်ငံတော်ဘက်မှ ပိုမိုမြှင့်တင်ဆောင်ရွက်ပေးလာခြင်းဖြင့် ပိုမိုအောင်မြင်နိုင်မည် ဖြစ်ရုံသာမက ပြည်သူများအနေဖြင့် ဆိုလာစွမ်းအင်ကို ပိုမိုအသုံးချလာကြဖွယ် ရှိနေပါကြောင်းနှင့် ပြည်သူများထံမှ ပိုလျှံပါကလည်း နိုင်ငံတော်မှ ဓာတ်အားပြန်လည်ဝယ်ယူနိုင်မည်ဖြစ်ရာ အခြားဓာတ်အား လိုအပ်ချက်ရှိသော နေရာဒေသများအတွက်လည်း ဓာတ်အားပိုမိုလုံလောက်အောင်ရရှိနိုင်လာစေမည်ဖြစ်ပါ၍ ဆိုလာစွမ်းအင်အား အစွမ်းကုန်မြှင့်တင်အသုံးချနိုင်ရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအတွက် အခွန်အခမျိုးစုံ လျှော့ချသတ်မှတ်သွားနိုင်ရန်နှင့် ဆိုလာနှင့်စပ်လျဉ်း၍ အရည်အသွေးထိန်းချုပ်နိုင်ရန် နိုင်ငံတော်အဆင့် နည်းပညာဆိုင်ရာ ကွပ်ကဲကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားသင့်ပြီဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း



# လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ငါန်းဇွန် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ မတ် ၁၁ ရက် နံနက် ၁၀နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်းပြီး စာရေးဆရာမိုသျှန်း၏ "လူကြီးလူငယ်နှင့် ခေတ်အမြင်ခေတ်အတွေး" စာအုပ်ကို လေ့လာဖတ်ရှု၍ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငါန်းဇွန်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက အသိအမြင် ဗဟုသုတတိုးပွားစေရန်နှင့်စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး စာရေးသူမိုသျှန်း၏ လူကြီးလူငယ်နှင့်ခေတ်အမြင် ခေတ်အတွေးစာအုပ်မှ လူကြီးလူငယ်နှင့်ခေတ်အမြင်ခေတ်အတွေး (၁)ခေါင်းစဉ်အောက်မှ စိန်ခေါ်မှုများ၊ပစ်မှတ်များ၊ အကာအကွယ်နှင့်တန်ဖိုးသတ်မှတ်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)မှ အဖွဲ့ဝင် မောင်အောင်ကိုဝင်းက လူကြီးလူငယ်နှင့် ခေတ်အမြင် ခေတ်အတွေး(၂)ခေါင်းစဉ်အောက်မှ မေတ္တာပေးပါ၊ သောကကို ဖယ်ခွာချ၊ အထင်နဲ့မပြောရပါ၊ စည်းရုံးမှုစွမ်းရည်တို့အားလည်းကောင်း၊ အဖွဲ့ဝင် မနန္ဒာဝင်းက လူကြီးလူငယ်နှင့်ခေတ်အမြင် ခေတ်အတွေး (၃)ခေါင်းစဉ်အောက်မှ စကားပြောပါ၊ လောဘကို ပယ်၊ မှတ်တမ်းထားပါနှင့် ရွေးချယ်ပါစေ စသည့်အကြောင်းအရာများအားလည်းကောင်း၊ မိမိတို့ ဖတ်ရှုနားလည်မှုများအလိုက် စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော စာပေဝါသနာရှင်များနှင့်အတူ အပြန်အလှန်ဆွေးနွေးကြရာ ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

# သနပ်ခါးယဉ်ကျေးမှုပွဲတော်အား ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲ

**ဆိပ်ဖြူ မတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်အား မတ် ၁၅ ရက် နံနက် ၈ နာရီက မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

မြန်မာ့ရိုးရာသနပ်ခါးကို ရှေးယခင်နှစ်ကာလများစွာမှသည် ယနေ့ထိတိုင် ကျန်းမာရေးဆိုင်ရာများနှင့် အလှအပရေးရာကိစ္စရပ်များ၌ လိမ်းခြယ်အသုံးပြုဆောင်ရွက်လျက်ရှိပြီး၊ မြန်မာအမျိုးသား၊ အမျိုးသမီးများ၊ ကလေးသူငယ်မှသည် လူငယ်၊ လူလတ်နှင့် သက်ကြီးအရွယ်များပါ မြတ်နိုးစွာ လိမ်းခြယ်ကြကာ မြန်မာယဉ်ကျေးမှုသနပ်ခါးခြယ်သခြင်းကို ကမ္ဘာက သိရှိလာ၍ ကမ္ဘာလှည့်ခရီးသွားများကပါ မြတ်နိုးစွာ လိမ်းခြယ်လာကြသလို မြန်မာ့ရိုးရာသနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကို၌ မြန်မာ့ရိုးရာသနပ်ခါးနေ့ မှတ်တမ်းတင်နိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့က ပူးပေါင်းကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးအရာရှိတို့က မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်အား ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ မြန်မာ့ရိုးရာသနပ်ခါးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်ကို ဆက်လက်ကျင်းပခဲ့ကြပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်းကို ပါဝင်ဆင်နွှဲခြင်း မြန်မာ့သနပ်ခါးအကြောင်း သိကောင်းစရာ နံရံကပ်စာတ်ပုံ၊ ပိုစတာ၊ ကဗျာ၊ ဆောင်းပါးတို့ကို လေ့လာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# စီးပွားဖြစ် "ကညွတ်" စိုက်ပျိုးနည်း

မြန်မာအမည် - ကညွတ်

အင်္ဂလိပ်အမည် - ASPARAGUS ၊

ရုက္ခဗေဒအမည် - Asparagus officinalis။ မျိုးရင်းအမည် - LILIACEAE ဖြစ်ပြီး မူရင်းဒေသမှာ အပင်ရိုင်းများကို မြေထဲ ပင်လယ်ကမ်းခြေဒေသတစ်ဝိုက်၊ ဥရောပအနောက်ပိုင်း၊ ဗြိတိသျှကျွန်းစုတောင်ပိုင်း၊ ဆိုဗီယက်နှင့်ပိုလန်နိုင်ငံများတွင် တွေ့နိုင်ပါသည်။ ကညွတ်ကို ရောမလူမျိုးများသည် ဆေးဝါးအဖြစ် စားသုံးခဲ့ကြောင်း သိရသည်။

ကညွတ်အမျိုးအစားပေါင်း (၁၅၀)ခန့်ရှိပြီး မြန်မာနိုင်ငံတွင် မြစ်ဝကျွန်းပေါ်ဒေသတွင် အများဆုံးစိုက်ပျိုးကြပါသည်။

### မြေအမျိုးအစား

ကညွတ်သည် မြေဩဇာထက်သန်ပြီး အစိုဓာတ်ရှိသော သဲနုန်းမြေတွင် ကောင်းစွာဖြစ်ထွန်းပါသည်။ သဲဆန်လွန်းသောမြေ၊ စေးလွန်းသောမြေတို့မှလွဲ၍ မြေသားထူထူရှိသော မြေမျိုးတွင် စိုက်ပျိုးနိုင်ပါသည်။ ရေမဝပ်သောခဲမြေတွင် စိုက်ပျိုးပါက စည်သွပ်ကညွတ်များ ကောင်းစွာရရှိပါသည်။ မြေအစိုင်အခဲပေါများသောနေရာကို လုံးဝမနှစ်သက်ပါ။ pH(၆.၅) အနေအထားကို နှစ်သက်ပါသည်။

### ရာသီဥတု

ကညွတ်သည် သမပိုင်းရာသီဥတုကို နှစ်သက်သည်။ ရာသီဥတုအလွန်အေးသောအချိန်တွင် အကိုင်းအရွက်ကျ၍ အပင်အနားယူသည်။ မြေအမျိုးအစားထက် ရာသီဥတုနှင့်ရေရရှိမှုတို့က ပိုမိုလိုအပ်ပါသည်။

### မြေပြုပြင်ခြင်း

စိုက်ပျိုးမည့်မြေတွင် မစိုက်ပျိုးမီ ပဲမျိုးဝင်အပင်များကို စိုက်ပျိုး၍ ပန်းမပွင့်မီ ထယ်ထိုးပေးခြင်းဖြင့် မြေဩဇာစိမ်းကျွေးပြီး မြေတွင် အာဟာရဓာတ်တိုးစေပါသည်။ ထယ်စူး(၈)လက်မနှင့် ထွန်ရေးညက်ညက်ရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

### မျိုးစေ့မှ စိုက်ပျိုးခြင်း

မျိုးစေ့ကိုစိုက်လျှင် တစ်ပင်နှင့်တစ်ပင် (၁-၁.၅)ပေ တစ်တန်းနှင့်တစ်တန်း (၂-၂.၅)ပေခန့်အထိထား၍ စိုက်ပျိုးရမည်။ မျိုးစေ့များကို ယုံကြည်စိတ်ချရသော စိုက်ပျိုးသူများထံမှလည်းကောင်း၊ အပင်ကောင်းစွာ ဖြစ်ထွန်းသောအကွက်များမှလည်းကောင်း ရွေးချယ်ဝယ်ယူသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပင်ပေါက်ချိန် ကြာမြင့်သောကြောင့်ဖြစ်ပါသည်။ တစ်ဧကလျှင် မျိုးစေ့(၄)ပေါင်လိုအပ်ပါသည်။မြစ်ဥကလေးများ (Crowns)တစ်ဧကလျှင်(၂၅၀၀၀-၃၀၀၀၀)ခန့်ထွက်ပါသည်။ အခြေအနေကောင်းမွန်ပါက မျိုးစေ့ချပြီး (၂-၆)ပတ်ခန့်ကြာမှ အပင်ပေါက်ပါသည်။ ထို့ကြောင့် အပင်ပေါက်မြန်ရန် မျိုးစေ့ကို(၃-၄)ရက်ကြာအောင် အပူချိန်(၈၀-၉၀) ဒီဂရီဖာရင်ဟိုက်တွင် ရေစိမ်စိုက်ရပါမည်။ ရေကို တစ်နေ့တစ်ခါ လဲပေးရပါမည်။

### ဥကိုဖဲ့၍ စိုက်ပျိုးခြင်း

ကညွတ်ပင်သည် နှစ်အတော်ကြာထား၍ စိုက်ပျိုးနိုင်သောအပင်မျိုးဖြစ်ပါသည်။ ကညွတ်ကို မေ၊ ဇွန်လလောက်တွင် စိုက်ပျိုးကြပါသည်။ တစ်ပင်နှင့်တစ်ပင် (၁-၁.၅)ပေနှင့်တစ်တန်းနှင့်တစ်တန်း(၃-၆)ပေအထိ ထား၍ စိုက်ပျိုးကြပါသည်။ ထို့အပြင်ကျင်းကိုလည်း အနက်(၆- ၈)လက်မအထိတူး၍ စိုက်ပျိုးနိုင်ပါသည်။

### အပင်ပြုစုခြင်း

ပေါင်းမြက်များကို အခါအားလျော်စွာ ရှင်းပေးရပါမည်။ မိုးနှောင်းပိုင်းမှစတင်၍ နွေရာသီအထိ အပင်သည် တဖြည်းဖြည်းကျလာသည်။ မိုးဦးမကျမီ တစ်လခန့်ကတည်းက မြေပေါ်အပင်များကို ခုတ်၍မီးရှို့ပစ်ရမည်။ ထို့အပြင် နွားချေး၊ မြေဆွေး၊ ဓာတ်မြေဩဇာများကို ထည့်ပေးထားရမည်။ မိုးဦးကျသည်နှင့် တစ်ပြိုင်နက် အစို့များ ထွက်လာလိမ့်မည်။ ကညွတ်(၁-၂)နှစ်သားတွင် ယင်းအပင်များ၏ အတန်းကြား၌ ပဲပင်စိုက်လေ့ရှိပါသည်။

### မြေဩဇာကျွေးခြင်း

မြေအစိုဓာတ်ကိုကောင်းစွာ ထိန်းသိမ်းရန် သဲဆန်သောမြေတွင် တစ်ဧကမြေဆွေး(၆-၁၀)တန်ထည့်ပေးရမည်။ ဓာတ်မြေဩဇာလိုအပ်ချက်မှာ နုန်းမြေအမျိုးအစားအတွက် တစ်ဧကတစ်ကြိမ်လျှင် မြေဆွေးနှင့်အတူ ယူရီးယား ၁၄၄ ပေါင်၊ တီစူပါ ၉၆ ပေါင်၊ ပိုတက်ရှ် ၁၂၀ ပေါင်နှုန်းကို နှစ်စဉ်မိုးဦးကျနှင့်မိုးနှောင်းပိုင်းတို့တွင် တစ်ကြိမ်စီ ထည့်ပေးရပါမည်။ သဲနုန်းမြေအမျိုးအစားအတွက် တစ်ဧကတစ်ကြိမ်လျှင် မြေဆွေးနှင့်အတူ ယူရီးယား ၁၄၄ ပေါင်၊ တီစူပါ ၁၂၀ပေါင်၊ ပိုတက်ရှ် ၁၂၀ ပေါင်နှုန်းကို နှစ်စဉ်တစ်ကြိမ်စီ ထည့်ပေးရပါမည်။ ပထမနှစ်တွင် ကညွတ်အတန်းကြား၌ ဆလပ်၊ သက်လျှင်ဂေါ်ဖီထုပ်၊ ပဲပင်နှင့်ကြက်သွန်များကို စိုက်ပျိုးနိုင်သည်။

### ရိတ်သိမ်းခြင်း

မိုးရာသီအစတွင် စိုက်ပျိုးသော အပင်သည်မိုးတွင်းနှင့်ဆောင်းတွင်း၌ အစာချက်လုပ်ပြီး အမြစ်သို့ပေးပို့ကာ နွေရာသီတွင် အပင် အပေါ်ပိုင်းတစ်ဖြည်းဖြည်းဝါခြောက်၍ သေသွားပါသည်။ လိုအပ်သော မြေဆွေး၊ ဓာတ်မြေဩဇာများကို ထည့်ပေးရပါသည်။ ကညွတ်အစို့များကို စိုက်ပြီး(၂)နှစ်သားတွင် စတင်ရိတ်သိမ်းနိုင်ပါသည်။ အပင်သက်(၇)နှစ်အထိ အထွက်တိုးလျက်ရှိပါသည်။ (၄-၁၀)နှစ်သားတွင် အမျိုးအစားကောင်းမွန်သော အတန်းအစားများ ရရှိနိုင်ပါသည်။ တစ်ဧကလျှင်ပိဿာ (၃၀၀-၅၀၀) ထွက်ပါသည်။

အောင်မြင့်မြတ် (စိုက်ပျိုးရေးသတင်းထောက်)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...
❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...
❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...
❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...
❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများ သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် မတ် ၁၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာစစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရား ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက်ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-



(၁) အမျိုးသမီး

အောင်ဇေယျစစ်ကြောင်းကနေပြီးတော့ ပါဝင်အားဖြည့်တာပါ။ လေ့လာရေးအနေနဲ့ သူရဲကောင်းဗိမာန်ရယ်၊ စစ်သမိုင်းပြတိုက်ရယ်၊ မာရဝိဇယဘုရားရယ်၊ ဥပ္ပါတသန္တိရယ်ကို လိုက်ပို့ပေးပါတယ်။ အခုလိုမျိုး လိုက်ပို့ပေးတဲ့အတွက် အထက်က လူကြီးတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ပြီးတော့ သူငယ်ချင်းတွေနဲ့ ဒီလိုမျိုး တပျော်တပါး သွားရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ နောက်ပြီးတော့ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ မရောက်ဖူးတဲ့နေရာတွေ၊ မမြင်ဖူးတဲ့ အကြောင်းအရာတွေ၊ နေရာတွေကို မြင်ရတဲ့အတွက်လည်း ဗဟုသုတတွေ အများကြီးရပါတယ်ရှင့်။ အခုလိုမျိုး နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်။ တပ်မတော်သား တစ်ယောက်အနေနဲ့လည်း ဒီလိုမျိုးလျှောက်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။



(၂) အမျိုးသား

အခုလို ပင်ပင်ပန်းပန်းနဲ့စစ်ရေးပြကျင့်နေရတဲ့ ကာလအတွင်းမှာ ဒီလို စိတ်ပြေလက်ပျောက်ဖြစ်အောင်လို့ လိုက်ပို့ပေးတဲ့ တာဝန်ရှိတဲ့ အထက်လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်ဗျ။ ဒီနှစ်(၈၀)ပြည့် တပ်မတော်နေ့က စပြီးတော့ နောင်နှစ်ပေါင်းများစွာ တပ်မတော်ကြီး တည်တံ့ခိုင်မြဲပါစေ။



(၃) အမျိုးသား

ဝမ်းသာပီတိကတော့ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်လုံးက လူတွေအကုန်လုံး ဒီမှာလာပြီးတော့ ဘုရားလာဖူးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်။ နှစ်(၈၀)ပြည့်ကနေစပြီးတော့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာပါစေ၊ အသက်ရှည်ပါစေ။ ။



သတင်းစဉ်

## တစ်လတာအကောင်းဆုံးဆုများ ချီးမြှင့်

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် တစ်လတာ အကောင်းဆုံးဆုများကို လီဗာပူးအသင်းတိုက်စစ်မှူးဆာလာ၊ အဲဗာတန်အသင်းနည်းပြဒေးဗစ်မိုယက်စ်၊ ဘရိုက်တန်အသင်းတိုက်စစ်မှူး မီတိုမာ၊ ဘုန်းမောက်အသင်းဂိုးသမား ကယ်ပါတို့က အသီးသီးဆွတ်ခူးခဲ့သည်။

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် ၆ ပွဲ ကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့သည်။

ထို့အတူ အဲဗာတန်အသင်း နည်းပြ ဒေးဗစ်မိုယက်စ်သည်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက အသင်းအား ၅ ပွဲကိုင်တွယ်ပြီး တစ်ပွဲမျှ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်မှ ပေးအပ်သည့် ဖေဖော်ဝါရီလအတွက် အကောင်းဆုံး သွင်းဂိုးဆုကို ဘရိုက်တန်အသင်းတိုက်စစ်မှူးမီတိုမာက ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး၊ အကောင်းဆုံး ဂိုးကာကွယ်နိုင်မှုဆုကို ဘုန်းမောက်အသင်း ဂိုးသမား ကယ်ပါက ဆွတ်ခူးနိုင်ခဲ့သည်။

(NGB)

